www.burmeseclassic.com

# ဘကြာနှင့်ဝက်

## ကျွန်မက အင်္ဂလိပ်မှ မဟုတ်တာ မောင်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | ♦ | ကိုဆန်း |
| ထုတ်ဝေသူ | ♦ | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ♦ | ဒေါ်ရွှေ (မြဲ-၀၂၀၇၉) သုခပုံနှိပ်တိုက် အမှတ် (၁၄၈)၊ ၄၅လမ်း(ထက်) ဗိုလ်တထောင်။ |
| အတွင်းဖလင် | ♦ | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | ♦ | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | ♦ | ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | ♦ | ၅၀၀ |
| တန်ဖိုး | ♦ | ၁၈၀၀ ကျပ် |

အကြည်တော်
ကျွန်မထေအင်လိဗ်မှတော့တာမောင်
စိုးမိုးစာပေ၊ ၂၀၀၅
၁၄၀ - စာ၊ ၁၃.၅ × ၁၈.၅ စင်တီ။
အကြည်တော်/ကျွန်မထေအင်လိဗ်မှတော့တာမောင်


www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင် ၅



## ကြေငြာချက်

ရည်းစားတစ်ယောက်ကောက်ရထားပါသည်။ ပိုင်ရှင်မှန်အား ပြန်လည်ပေးအပ်ပါသည်။ ပစ္စည်းအားလုံး မယိုင်မယွင်း ထိန်းသိမ်းထားပါသည်။ တစ်ချို့ပစ္စည်းများအား ထုတ်ကြည့်ယုံမှလွဲ၍ နေရာတကျ ပြန်ထည့်ထားပါသည်။

ဒါကလည်း သေချာအောင် စစ်ကြည့်ထားခြင်းဖြစ်ပါသည်။ ဒါမှ စိတ်ခွေပိုင်ရှင်ထံ ရည်းစားကိုတစ်ပြားသားမှ မလျော့အောင် အပ်နိုင်ရန် လေ့လာထားခြင်းဖြစ်ပါသည်။ ထုတ်ကြည့်ပြီးသားများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

## ၆ အကြံပြုချက်

အသေအချာထည့်သွင်းနေရာတကျ ပြန်ထည့်ထားပါသည်။ ထို့ကြောင့် ကျွန်ုပ်လက်ထဲ မိတ်ဆွေရည်းစား၏ ဘာပစ္စည်းမှ မပျောက်ရှနိုင်ကြောင်း အာမခံပါသည်။

တချို့ပစ္စည်းများကိုတော့ ပွတ်ကြည့်မိကြောင်း ဝန်ခံပါသည်။ (ဥပမာ သူနှင့်ပါလာသော ပိုက်ဆံအချို့နှင့် စာရွက်စာတမ်းများ)

တချို့အရာများကိုတော့ ဟကြည့်ယုံ၊ နှိုက်ကြည့်ယုံမျှရှိပါသည်။ (ဥပမာ ဇစ်ပါသော ပိုက်ဆံအိတ်၊ အမှုတွဲ၊ သူနှင့်အတူ) မည်သည့်စိတ်မျိုးနှင့်မှ ပြုလုပ်ခြင်းမဟုတ်ဘဲ သေချာအောင် စစ်ဆေးထားခြင်းသာဖြစ်ပါသည်။ ဤသည်ကိုလည်း မိတ်ဆွေအနေဖြင့် လူကြီးလူကောင်းဆန်စွာ ခွင့်လွှတ်နိုင်မည်ဟု ထင်မိပါသည်။

ဤကြော်ငြာချက် ဖော်ပြပြီးသော မိတ်ဆွေချစ်သူအား အချိန်မရွေး လာရောက်ရွေးချယ်ထုတ်ယူနိုင်ပါသည်။ တစ်လကျော်ပါက မိတ်ဆွေ၏ ပစ္စည်းကိုလည်း ကျွန်ုပ်အာမ မခံနိုင်ပါ။ မကြာခဏ ဟကြည့်ခြင်း၊ ပွတ်ကြည့်ခြင်းများဖြင့် (ပိုက်ဆံအိတ်နှင့် ပိုက်ဆံ၊ စာရွက်စာတမ်းများ) လူကြီးမင်း၏ လက်ဖွဲ့ရာများ သက်သေခံပစ္စည်းများ ပျောက်ပျက်သွားနိုင်ပါသည်။

ထို့ကြောင့် မှုရင်းမပျက်ရယူလိုလျှင် အမြန်လာရောက်ရွေးချယ်နိုင်ပါရန် အကြံပြုတိုက်တွန်းပါသည်။ ဤသည်ကိုကြည့်၍ သင်၏ရည်းစားအား ကျွန်ုပ်မည်မျှ ရိုးသားစွာစောင့်ရှောက်ထားကြောင်း သိလိမ့်မည်ထင်ပါ သည်။ ထို့ကြောင့် လာရောက်ရွေးချယ်သူမှာလည်း ကျွန်ုပ်ကဲ့သို့ ရိုးသားရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိတ်ဆွေအနေနှင့် သင်၏ ရည်းစားအား လာရောက်ရွေးချယ်ချိန်၌ ပို၍သေချာစေရန်အောင်–

၁။ ပြစ်မှုကင်းကြောင်း ရဲစခန်းထောက်ခံစာတစ်စောင်၊



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင် ၇

၂။ ရပ်ကွက်အတွင်း ရိုးသားစွာနေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ။

၃။ မိတ်ဆွေနှင့်ကျွန်ုပ်ကောက်ရထားသော လက်ရှိရည်းစားမှ အမှန်တကယ် ယခင်ကချစ်သူဖြစ်ခဲ့ကြောင်း အသိအမှတ်ပြုလူဆယ်ဦး၏ ထောက်ခံချက်လက်မှတ်တစ်ခုစီ။

၄။ သင်နှင့်ချစ်သူဖြစ်စဉ်က ကောင်းမွန်စွာ ကျွေးမွေးခဲ့ကြောင်း စားသောက်ဆိုင်ခုနှစ်ဆိုင်မှ စားသောက်ခဲ့သော ဘောက်ချာ၊ (မှတ်ချက်။ ငွေတစ်သောင်းအောက်အကြုံးမဝင်)

၅။ သင်နှင့်ချစ်သူဖြစ်စဉ် သူ့ဝယ်ပေးခဲ့သော (ယခုကျွန်ုပ်ကောက်ရထားသော ရည်းစား) ဝမ်းနုတ်ဆေးမှအစအတွင်းခံအဆုံး သက်သေခံသုံးခု။ (မှတ်ချက်။ သူ့လက်ဗွေရာအတိအကျပါရမည်။)

စသည်များကို တင်ပြရမည်ဖြစ်ပြီး ကျွန်ုပ်မေးသော မေးခွန်းများကိုလည်း အတိအကျမှန်ကန်အောင် ဖြေဆိုမှသာလျှင် ပိုင်ရှင်ထံပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။ မေးခွန်းများမှာ –

(၁) သင့်ချစ်သူ၏ ခါးဆိုဒ်။

(၂) သင့်ချစ်သူတင်ပါးတွင် အမှတ်ရှိမရှိ။ (ရှိလျှင် နေရာအတိအကျ)
(၃) သင့်ချစ်သူ တစ်ခါမှမပြောဖူးသော သူ့ဆွေမျိုး အမည်။

(၄) သင့်ချစ်သူက သင့်ကိုဖြောင်းခနဲနေအောင် ပါးချခဲ့သော အချိန်နာရီစက္ကန့်အတိအကျ။

(၅) သင့်ချစ်သူတစ်ကိုယ်လုံးမှာရှိသော အမွေးအရေအတွက်၊ ဤသို့လွယ်ကူသော မေးခွန်းများကို နှုတ်တိုက်ဖြေရမှာဖြစ်ပြီး မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com

၈ အကြည်တော်

အားလုံးကို မှန်ကန်စွာ ဖြေဆိုပြီးပြီဆိုကာမှ ညှိနှိုင်းမေးခွန်းအနေဖြင့်–

(၁) သင့်ချစ်သူက သင့်ကို ပြန်လည်ပေါင်းလိုစိတ် ရှိမရှိ။

(၂) သင့်ချစ်သူနှင့်ကျွန်ုပ်နှစ်ဦးသဘောတူ သုံးဖြုန်းထား သော အကြွေးအားလုံးကို ဆပ်ပေးရန်အစီအစဉ်။

(၃) ထင်ကျန်သော ကျွန်ုပ်လက်ဖွဲ့ရာများ တရားဝင်ပယ်ဖျက်ပေး ရန်။

(၄) ကျွန်ုပ်အားကြည်ဖြူသောအကြည့်။

(၅) ကောက်ရသိမ်းဆည်းပေးသောကျွန်ုပ်အား ချီးမြှင့်မြောက်စားမည့် ငွေကြေးပမာဏအားလုံး ရှင်းလင်းပြီးမှ သင်၏ရည်းစား သင့်ချစ်သူအား ရပ်ကွက်လူကြီးများရှေ့၊ အသေအချာပြန်လည်အပ်နှံမည်ဖြစ်ပြီး နောက်ဆက်ဖြစ်မည့် ပြဿနာကြီးငယ်တို့မှာ ကောက်ရထားသူ ကျွန်ုပ်နှင့်လားလားမှမသက်ဆိုင်ဘဲ ကိုယ်တိုင်သာ တာဝန်ယူဖြေရှင်းပေး မည်ဖြစ်ကြောင်း အသိသက်သေများ ရှေ့ လက်မှတ်ထိုးရမည်ဖြစ်ပြီး

ကျွန်ုပ်၏နှုတ်မှ

"သင်သွားလိုရာသွားနိုင်ပြီ"

ဟုလည်းကောင်း၊ သင့်ချစ်သူတင်ပါးအား သုံးချက်ရိုက်ပြီး နှုတ်ဆက်ပြီးဆိုကာမှ သင့်ချစ်သူအား တရားဝင်ခေါ် ဆောင်ခွင့် ပြုမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

ပုံ/အင်မတန်ရိုးသားသူ

အကြည်တော်

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



'ယုံကြည်ချက်တွေဘိုဆန်ဖို့
ကျွန်မက အင်္ဂလိပ်မှမဟုတ်တာမောင်'



www.burmeseclassic.com

www.burmeseclassic.com

# ၁၀ ဒကြည်လောက်



မောင်တို့ပြောစကားအရ 'ယုံကြည်ချက်ကအစ ဘိုဆန်ရမယ်' ဆိုတာ ဘယ်လိုများပါလိမ့်မောင်။

ယုံကြည်ချက်က ဘယ်လိုဘိုဆန်လို့ရမှာလဲ။ ဒါပေမဲ့ပေါ့မောင်ရယ်။ ဒီလောကကို ရောက်လာမှတော့ မောင်တို့ ပြောတဲ့အတိုင်း ယုံကြည်ချက်ကအစ ဘိုဆန်စေဖို့၊ ဘိုမှဒ်တွေခိုးတု၊ ဘိုလိုရှူးသွပ် ရတော့တာပေါ့။

'ကျွန်မက အနုပညာကို သိပ်ရှူးသွပ်တာ'

ဒီစကားကို နှုတ်ဖျားကမချဘဲ ပြောနေရတာကိုက ရှက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ါမောင်ရယ်။ အင်္ဂလိပ်စကား Crazyကို မြန်မာမှုအလွယ်ပြုပြီး ရူးသွပ်'လုပ်ထည့်လိုက်တော့ ကျွန်မတို့အားလုံး အရူးတွေဖြစ်ကုန်တာပေါ့။

ရူးရုံတင်မကပဲ၊ သွပ်တွပ်တွပ်ပါဖြစ်ရတဲ့ဘဝ ကျွန်မတို့ကျပ်မှ ပြည့်ကြသေးရဲ့လားလို့ အတွေးဝင်မိတယ်မောင်။

'ဟာ၊ မင်းသမီးကလဲ ခတ်ပုံရိုက်မယ်ဆိုမှ ဘယ့်နှယ်ထဘီကြီးနဲ့ ထက်ချလာတာတုန်း။ သွားသွားပြန်ချွတ်'

'ရှင်'

ခတ်ပုံရိုက်တာ ထဘီမဝတ်ရဘူးလို့ ဘယ်အစိုးရက ကန့်သတ်ခဲ့လို့ လဲကွယ်၊ ဟိုးအရင်ကမြန်မာမိန်းမတွေ ချိတ်ထဘီရှည်ကြီးတွေဝတ်ပြီး ခတ်ပုံရိုက်ခဲ့တာ၊ ကျက်သရေရှိလို့ ကမ္ဘာကသိခဲ့တယ်မဟုတ်လား။ အခုတော့ . . .

'ဒါဖြင့်လဲ မြန်မာပီပီ ထဘီလုန်ပြီး ရိုက်မယ်လေ'

လွှတ်ခနဲစကား။ ဒါရိုက်တာကြီး ကမ္ဘာပြားသွားတယ်။

'ဘာ၊ ထဘီလုန်ပြီးရိုက်ရအောင် ရပ်ကွက်ပတ်ဆဲတာမှမဟုတ်တာ သွားသွားသွားပြန်ချွတ်'

ထဘီလုန်ရိုက်တာနဲ့ ထဘီချွတ်ရိုက်တာ ဘယ်အရာကများ ကွာခြား ရှိနိုင်မလဲကွယ်။

ထဘီလုန်တော့ ဆဲတာတဲ့။ ထဘီချွတ်မှ Sexy တဲ့။ ကဲ . . နား လည်မှုနည်းနည်းလွဲသလားလို့။

ဒါပေမဲ့ တတ်နိုင်ပါဘူးလေ။ သူတို့ပြောသလို ယုံကြည်ချက်တွေဘို



www.burmeseclassic.com

www.burmeseclassic.com

## ၁၂ ဘကြည်ဝေက်

ဆန်ဖို့ ထဘီချွတ်၍ဒွန်းလိုက်သည်ပေါ့။

'ဟာ၊ ရှည်နေတယ်လေ'

မြင်မြင်ခြင်းစကား။ ယောင်ဝါးဝါးနဲ့

'ဆံပင်လားဟင်'

'အာ၊ ဆံပင်ရှည်တာ အပြစ်လား။ အခုဟာက ဘောင်းဘီရှည်နေတယ်ပြောတာ။ ကျွတ် အဲဒါပဲစိတ်ညစ်တာ။ ယုံကြည် ချက်ကိုက ဘိုမဆန်ရင် ဘယ်လိုလုပ်မလဲ'

ပြန်ငုံ့ကြည့်မိတယ်မောင်။ သရီးကွာတားဘောင်းဘီကို ရှည်တယ်ဆိုတော့ ဘယ်လိုလုပ်ရမလဲဟင်။ ကိုယ့်အတွေးမဆုံးမီ

'သူများဆို ဒီလိုသရီးကွာတားမပြောနဲ့၊ တူးကွာတား၊ ဝမ်းကွာတား အပြင်၊ ဇီးရိုးကွာတားတောင်ဖြစ်နေကြပြီ၊ စုံစမ်းဦး ပတ်ဝန်းကျင်လေး ဘာလေး'

ဩော် ဇီးရိုးကွာတားတဲ့။ သူတို့ပြောမှ ကြားရတဲ့စကား။ မိန်းမတွေများ ချွတ်ပြီးသွားနေကြပြီလားကွယ်။ ဒီခေတ်မှာပြောပါတယ်။

'ကဲ၊ကဲ . .လဲနေရင်ကြာဦးမယ်။ ဒီဝတ်စုံနဲ့ နည်းနည်းရိုက်ကြည့်မယ် ပို့စ်လုပ်ပြ'

ရောက်လေရာ ပါးပေါ် လက်နှစ်ချောင်းတင် ခပ်ခွင်ခွင်လေးကောက် တော့ . . . .

'အာ၊ ဘာလုပ်နေတာလဲ။ အင်တာနက်ပေါ် ဒုချိဒုချိပုံလည်းမလုပ်နဲ့။ နှစ်ကုန်းတစ်ကော့ပုံထုတ်'



www.burmeseclassic.com

www.burmeseclassic.com



'ဆင်'

မျက်လုံးပါ ပြာကညိုဖြစ်သွားတယ်။ နှစ်ကုန်းတစ်ကော့တဲ့။ ဘယ်လိုပုံမျိုးပါလိမ့်။

နားမရှင်းတာနဲ့ပဲ . . .

'နှစ်ကုန်းတစ်ကော့၊ ဘာလဲ နှစ်ကုန်းတစ်ကော့ဆိုတာ'

ဒါရိုက်တာကြီး စိတ်ပျက်သွားဟန်နဲ့ နှုတ်ခမ်းကိုသရော်တော်တော်ပြုံးလိုက်ပြီး . . .

'အဲဒါပဲ။ အသစ်တွေတင်ရတာ သိပ်လက်ပေါက်ကပ်တာပဲ။ ဟဲ့၊ မာမီ သွားပြလိုက်စမ်း'

ဒါရိုက်တာစကားကို မာမီတလွှားလွှားနဲ့ပြေးလာတယ်။ အနားရောက်တော့ . .

'ဒီလိုလေသမီးရဲ့။ နှစ်ကုံးတစ်ကော့ဆိုတာ ခါးကုန်း၊ လက်ပြင်ကုန်းရမယ်။ တစ်ကော့ကတော့ ဟောဒီအဖိုးတန်တင်ပါး ကော့ရမှာပေါ့'

'ဖတ်၊ ဖတ်'

လက်ရဲဇက်ရဲနဲ့ ဖင်ပါလာပုတ်သွားသေး။ ဩော်၊ မိန်းမချင်းပဲလေဆိုပြီး ခွင့်လွှတ်ရပြန်။ တကယ်ဟုတ်လား မဟုတ်လေလားမသိ။

'ဒီလိုမျိုး'

အသေအချာလုပ်ပြပါတယ်။ ဖင်တုနဲ့အဘွားကြီး ဘိုးဘွားရိပ်သာ သွားသလိုပုံမျိုးပါပဲမောင်ရယ်။ ခါးကကုန်းကုန်း ဖင်ကကောက်ကောက်နဲ့ဆိုတော့လေ။ တုတ်ကောက်ပါထည့်ရင် ပိုရုပ်ထွက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၄ အကြည်တော်

တတ်နိုင်ပါဘူး။ သူတို့ပြောတဲ့အတိုင်း နှစ်ကုန်းတစ်ကော့နဲ့ ပြုးလျှော့လျော့ကြီး လုပ်ထားလိုက်ရတယ်။ ဒါကိုတောင်အားမရပဲ

'ခါးနဲ့လက်ပြင်ထပ်ကုန်းလေ။ ဖင်ကိုထပ်ကော့။ မပေါ်ဘူးဖြစ်နေတယ်'

ထပ်ကောက်ရတယ်မောင်။ ဒါလဲ အားမရဘဲ

'ထပ်ကောက်လေ။ အကြီးကြီးကောက်တင်'

သြော်၊ ဒီလောက်အကြီးကြီးကောက်တင်တာလိုချင် ကြူကြူသင်းခေါ်ရိုက်ပေါ့မောင်ရယ်။

လူဆိုတာ ရှိသလောက်ပဲ ထွက်မှာပေါ့။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲလေ။ သူတို့ပြောသမျှ အလုပ်ဖြစ်နေလေတော့၊ ခိုင်းတဲ့အတိုင်းလုပ်ရတာပေါ့လေ။

'အင်း၊ ဟုတ်ပြီ ကောင်းနေပြီ။ ကောင်းနေပြီ'

ဘာကောင်းမှန်းတော့မသိပါဘူးမောင်ရယ်။ ကျွန်မမှာ ဖင်တွေကိုညောင်းလို့။

'ဖျတ်၊ ဖျတ်၊ ဖျတ်'

ဒီဂျစ်တယ်ခေတ်မှာ ဖလင်ဖြုန်းလို့ရတာပေါ့လေ။ နောက်မဟုတ်ရင်အဲဒီနှစ်ကုန်းတစ်ကော့တစ်ပုံနဲ့တင် ဒေဝါလီခံတယ်။

'ဟုတ်တယ်။ ရပြီ။ ဒီတစ်ခါနှစ်ကော့တစ်ကုန်း'

'ဆမ်'

လာပြန်ပြီ။ နှစ်ကုန်းတစ်ကော့ပြီး နှစ်ကော့တစ်ကုန်းတဲ့။ ဘယ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကော့ပြီး ဘယ်ဟာကုန်းရမှန်းမသိ။

မျက်လုံးပလေကပ်၊ ပလေကပ်၊ အဲလေ၊ ပေကလပ်ပေကလပ်။

မလုပ်တတ်မှန်းသိတော့ မာမီကပြေးလာတယ်။

'ဒီလိုလေ၊ ကော့တာကတင်ရယ်၊ ရင်ရယ်၊ ကုန်းတာကလက်ပြင်'

ရင်ကော့ပြီး လက်ပြင်ကုန်းရအောင် ဂျီပုံးမှမဟုတ်တာမောင်ရယ်။ ဒါပေမဲ့လဲ သူတို့ခိုင်းတဲ့အတိုင်းလုပ်ရတာပေါ့။

'ဟုတ်ပြီ၊ ကုန်းသင့်တာပိုကုန်း၊ ကော့သင့်တာပိုကော့၊ အဲဒါမှ အနုပညာ'

ဩော်၊ ဖင်ကော့တာအနုပညာလားမောင်ရယ်။ ဖင်ကော့တာ အနုပညာဆို အကယ်ဒမီဆိုတိုင်း ကြူကြူသင်းကြီးပဲရတော့မယ်။

အနုပညာနဲ့ပတ်သက်လို့ ပြောရဦးမယ်။

ဝါသနာအရ ဒီလောကထဲ ရောက်ခဲ့သလားဆိုရင်

'ဟင့်အင်း'

လို့ပဲ ပြောရမှာပါမောင်။ ဒါဆို အနုပညာကို ဘယ်လောက်ထိ နိုးစပ် သလဲဆိုရင် ပြောပြပါရစေတော့ . . .

တစ်ခါသား ကော့ကော်ကန်ကားနဲ့ ပန်းဆိုးတန်းမှာလမ်းသလားချိန် ဘယာကြော်ကုလားက မျက်စိယားပြီး ခါးလှမ်းအဆိတ်

'အို့၊ အမေ'

လို့ လန့်ပြီးထအခုန် အဲဒီမှာ ရုပ်ရှင်ရုံနဲ့ မျက်နှာချင်းတစ်ခါဆိုင်မိခဲ့ရုံပဲ



www.burmeseclassic.com

www.burmeseclassic.com

## ၁၆ အကြည်တော်

ရင်နီးခဲ့ဖူးတာပါမောင်။ မျက်နှာချင်း တစ်ခါပဲဆိုင်ဖူးပါတယ်။

ရုပ်ရှင်ကိုကြည့်ဖူးဖို့မပြောနဲ့၊ ကိုယ့်ဘာသာကိုယ် အနန်းဂလီးဘတ်ဂီမ်း နဲ့ မအားခဲ့ပါဘူး။ ဒါကိုအမေဖြစ်သူမျက်စေ့အားပြီး . . .

'ဟဲ့၊ နင်လဲဂီမ်းချည်းကစားမနေနဲ့၊ အချိန်အကျိုးရှိအောင် မော်ဒယ် သင်တန်းသွား'

ဆိုလို့ သင်တန်းသုံးလတက်၊ လိမ်ကျစ်လိမ်ကျစ် လမ်းလျှောက် တတ်တော့ စာရွက်တစ်ရွက်ပေးတာကို လှမ်းအယူ၊ စာဖတ်ကြည့်မှ 'မော်ဒယ်သင်တန်းပြီးမြောက်အောင်မြင်ခြင်း' ဆိုတဲ့ ဘယ်သူက ပေးမှန်းမသိတဲ့ ဆာတဖီကိတ်နဲ့ ကျောင်းဆင်းခဲ့ရသူပါမောင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



'ကဲ၊ ကဲ အဲဒီပုံစံရပြီ။ ဒီတစ်ခါပုံပြောင်းမယ်'

ဒါရိုက်တာကြီးအသံကြားမှ၊ အသိပြန်ဝင်မိတယ်။ ကိုယ့်ကိုယ်ကိုလဲ ဘာလုပ်နေမိမှန်းကို မသိပါဘူးမောင်ရယ်။ ကောက်တင်ထားမိတဲ့ တင်ပါးတောင် လက်ဖဝါးနဲ့ ပြန်ဆွဲချရတယ်။

'ကဲ၊ ဒီတစ်ခါ 'ကွ' မယ်'

'ရှင်'

သူစကားကြောင့် လန့်ပါသွားရတယ်။ ဒါကို ဒါရိုက်တာက ဆောင်း



www.burmeseclassic.com

www.burmeseclassic.com

## ၁၈ အကြောင်းတွက်

ဘီဆွဲတင်ပြီး

'ကွမယ်လေ၊ ကွထားမယ်။ ကွတဲ့ပိုဇေရှင်'

'အို'

မိန်းကလေးတစ်ယောက် ပေါင်ကွတယ်ဆိုတာ လွယ်တယ်မှတ်သလားမောင်။ ရှေးလူကြီးများက မိန်းကလေးတန်မဲ့ ကားယားထိုင်ရင်တောင်

'ဟင်၊ နင်အရှက်မဲ့လှချည့်'

ဆိုပြီး ပေါင်တွင်းကြောဆွဲလိမ်၊ နားလိမ်ပါးလိမ်ထူသွားအောင် ဆူဆဲခံခဲ့ရတယ်။ အခုသူ့အလှည့်မှ 'ကွမယ်'တဲ့။

ဒီလိုနဲ့ ကင်မရာများရှေ့ မီးပြောင်ပြောင် နေ့ကြောင်ကြောင်မှာ ပြောင်ကြီး ပေါင်'ကွ'ပြရတော့တာပေါ့မောင်။

'နည်းနည်းဆက်'ကွ'ဦးလေမင်းသမီး။ မရသေးဘူး'

ဘိုထိုင်ခွက်ပေါ် ကားယားခွထိုင်သလောက် 'ကွ'နေတာတောင် မရသေးဘူးဆိုတော့ စဉ်းစားကြည့်ပါမောင်။ ဒီပိုဇေရှင် ကမ္ဘာမှာတောင် မရှိ။ ဒီမှာသာ ရှိတာမျိုးကလား။ ကမ္ဘာမှာ ပေါင်ကွထားတဲ့မိန်းမ ဘယ်မှာတွေ့ဘူးလို့လဲမောင်။ အခုဟာက မြန်မာကွကြီး။'ကမ္ဘာမှာမြန်မာကွ' လို့ကြုံးဝါးနေတာ ဒါမျိုးလားမောင်။ 'ကမ္ဘာ မှာမြန်မာကွ'လေ 'ဟုတ်ပြီ မျက်နှာကိုပြုံး မျက်လုံးကိုမှေးထား'

မသိရင်ဝမ်းချုပ်တုန်း အတုံးကျလို ကြည်နူးပြီးပြုံးတာမျိုး။

'ဟုတ်ပြီ။ မှန်သွားပြီ။ မှန်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



'ဖြတ်၊ ဖြတ်၊ ဖြတ်'

ဓာတ်ပုံက တဖြတ်ဖြတ်ပေါ့။ အချိန်ကြာကြာကွဲရတာကိုက ပါရမီလို့ပဲ ဆိုရတော့မှာပေါ့။

'ဟုတ်ပြီ။ ကွဲသွားပြီ။ အဲ ရသွားပြီ'

တော်သေးတာပေါ့မောင်ရယ်။ နောက်နည်းနည်းသာ ဆက်ကွဲရရင်။ ပုံစံကျပြီး ခုန်ထလိုတောင်မရဘဲ ဘိုးသူတော်လူဝ ဆွမ်းခံကြွသလို ဖြစ်နေတော့မှာပေါ့။ ကွဲတကွဲတနဲ့လေ။

'ကဲ၊ နည်းနည်းထပ်ချွတ်ရမယ်'

'ဆမ်'

ညက်လုံးတောင်ကြူးရပါတယ်မောင်။ ထပ်ချွတ်ရမတဲ့။

'အေးလေ။ ခုဟာကသရီးကွာတားကြီး။ ရှည်တယ်။ ဝမ်းကွာတားဖြစ်ဖြစ် ဖီးရီးကွာတားဖြစ်ဖြစ် သွားလဲလိုက်'

'ဟမ်'

ဖီးရီးကွာတားတဲ့။ ဖီးရီးကွာတားဆိုမှ ဘာလဲစရာရှိတော့မှာလဲ။

မပြောသာပါဘူး။ သူတို့ပြောတဲ့အတိုင်းပေါ့။ နာမည်ကလဲ ကြီးချင်သေးတာကိုး။

■■■



www.burmeseclassic.com

www.burmeseclassic.com





မပြောမဖြစ်လို့ ပြောရဦးမယ်မောင်။

အနုပညာဆိုတဲ့စကား ဘယ်မျှတာသွားတယ်ဆိုတာ မသိပေမဲ့ မေမေကတော့ ပြောရှာပါတယ်။ လူထုတိုင်း အမေ့နှုတ်ဖျားက

'ပြောလို့ပြောတာမဟုတ်ဘူး။ သမီးကလေးငယ်ငယ်ထဲက ပိုးရှိတာ'

ဘာပိုးရှိတာပါလိမ့်။ ဘီပိုးလား စီပိုးလား။ ဒီပိုးတွေပဲရှိမှာပေါ့။ ဒါကိုမေမေက . .

'သမီးကလေ အခုမှ ဝါသနာပါတာမဟုတ်ဘူး။ ဖိုးငယ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ကျောင်းကပွဲတွေဆိုတိုင်း သူချည်းပဲ'

အဲဒါတော့ ဟုတ်တယ်မောင်။ ဟိုးငယ်စဉ်ကတည်းက ကျောင်းကပွဲတွေဆို မေမေက မိတ်ကပ်တစ်တောင်လောက် မျက်နှာကိုဖို့ပေးပြီး

'ဟဲ့သမီး ဒါရုက်စရာမဟုတ်ဘူး စင်ပေါ်တက်သာနန့်လိုက်စမ်းပါ'

မြှောက်ပေးလို့ စင်ပေါ်တင်၊ ခြေချိုးလက်ခွင်နဲ့၊ တက်သလောက်ခါချနန့်ပြခဲ့သူပါမောင်။ ငယ်စဉ်ကတည်းက ခါချခဲ့တဲ့တင်ပဆုံ ခုမှခုန်တာဟုတ်ဖူးမောင်။ ခုမှခုန်တာမဟုတ်ဘူး။ ငယ်စဉ်ကတည်းက ဝါသနာဆိုတာ မသိ။ မိဘက မြှောက်ပေးတိုင်း

'ဟဲ့၊ သမီး စင်ပေါ်မှာ နည်းနည်းလှုပ်ပြလိုက်'

ဆိုတိုင်း ဘုမသိဘမသိ၊ အရှက်နည်းနည်း မျက်ခွက်မဲ့ပြောင်ကာ ကမြင်းပြခဲ့ရသူပါ။ အမှန်တော့ သားသမီးကလုပ်ချင်မှန်း မလုပ်ချင်မှန်းမသိ။ မေမေကိုယ်တိုင်ကိုက ငယ်စဉ်က သူမကမြင်းခဲ့ရသမျှ အတိုးချပြီး နားမလည်ပါးမလည် သမီးငယ်ကို

'ပိုးရှိတယ်'

စွပ်စွဲချက်နဲ့ ကမြင်းခိုင်းခဲ့သမျှ ကမြင်းခဲ့ရသူပါကွယ်။

ဗယာကြော်ကုလား အသည်းယားပြီး ခါးအဆိတ်မှ လန့်ပြီးခုန်အထ၊ အဲဒီတော့မှ ရုပ်ရှင်ရုံဖက် မျက်နှာချင်းတစ်ခါဆိုင်ဖူး သူက ငယ်စဉ်ကတည်းက ဘာပိုးရှိမှာလဲ။

အနုပညာနဲ့ ပတ်သက်သလားတော့ မသိပါဘူး။ အများဆုံးလုပ်ဖူးတာတော့၊ လက်ကိုင်ဖုန်းကို နဖူးပေါ်မှကိုင် မျက်လုံးကိုပြူး လက်နှစ်ချောင်းထောင် ပါးကိုဖောင်း နှုတ်ခမ်းကိုစူ၊ ဓာတ်ပုံ

www.burmeseclassic.com



တဖျတ်ဖျတ်ရိုက်ပြီး

'ပုံတင်မယ်ညော်၊ ညက်စေ့နောက်ရဘူး ဒချိဒချိ'

ဆိုပြီး အင်တာနက်ပေါ် ပုံတင်ခဲ့တာလောက်ပဲရှိပါတယ်မောင်။

'ဒချိဒချိနဲ့ ဖြည့်းဖြည်းဆဲညော်'

ဆိုတာလောက်ပဲတတ်ပြီး အင်တာနက်ပေါ်ပုံတင်ခဲ့တာ အနုပညာဆိုရင်တော့ အဲဒီအနုပညာပိုးကတော့ ကြာလှပြီမောင်။

အခုတော့အင်တာနက်ပေါ် 'COC'ကစားရင်း ကမြင်းခဲ့သမျှ

'မိုက်စ်၊ မိုက်စ်'

'ဆိုးခရ'

ဆိုတဲ့စကားတွေနဲ့ အမေက သူမကမြင်းခဲ့ရသမျှ သမီးအလှည့်ကျ အတိုးချပြီးကမြင်းခိုင်းရာက ဒီလမ်းကြောင်း ပေါ်ရောက်လာသူပါ။

'ဟာ၊ ဘောင်းဘီကရှည်နေသေးတယ်'

'ဆမ်'

ဝတ်လာတဲ့ဘောင်းဘီဝမ်းကွာတားက သူတို့အတွက်ရှည်နေသေးတယ်ဆိုတော့ ဘယ်လိုပြောရမလဲမောင်။

'ဒီထက်ပိုတိုရင်လဲ'

စကားပင်မဆုံးလိုက်ပါဘူးကွယ်။ ဒါရိုက်တာက . . .

'ကျွတ်၊ ရှင်းပြလဲနားလည်မှာမဟုတ်ဘူး။ ဒါကြောင့်မြန်မာ့အနုပညာကမ္ဘာကိုမထိုးဖောက်နိုင်တာ'



www.burmeseclassic.com

www.burmeseclassic.com



ဩော်၊ ဖင်မပေါ်လို့ ကမ္ဘာကိုမသွားရရင်လဲကမ္ဘာပြားပါစေတော့ ကွယ်။ အင်တာနက်ပေါ် အဖော်အချွတ်နဲ့ ကမ္ဘာသွားမယ်ဆိုလဲ သွားကြပါ။ ဒို့တွေက တဏှာသမားတွေမှ မဟုတ်တာ။ ကိလေသာလေးကျန်လို့။ အမည်ကိုတောင်ပြောင်းချင်တယ်မောင်ရယ်။ အခုနာမည်ကြီးမင်းသမီးလေးလို . . .

'ကိကိ' လို ။ ကိလေသာကိုကိုယ်စားပြုအောင်။

'ကဲ၊ အဲဒါပဲကြည့်တော့ အသစ်တွေတင်ရတာ ဘယ်လောက်ခက်တယ်မှတ်လဲ ကဲ၊ လုပ်မနေနဲ့တော့ သူဘာမှမလုပ်တတ်ရင်ကိုယ်တွေ ဉာဏ်ကူရတော့မှာပဲ'

သူတို့ဉာဏ်ကူရင် ပိုကြောက်နေရတယ်လေ။ ဘာပေါက်ကရတွေလုပ်ခိုင်းမယ်ဆိုတာ မသိရတာ။

'ကဲ၊ မင်းသမီး၊ အဲဒီပဝါစ ခါးရှေ့ကကာလိုက်'

သူပြောတဲ့အတိုင်း ကိုင်ထားတဲ့ ပဝါစ ရှေ့အသာချလိုက်တယ်။ ဒါကိုကြည့်ပြီးဒါရိုက်တာက

'မြင့်သေးတယ်၊ ခါးအောက်သေချာကာ'

အဓိကကတော့ အဓိကပေါ့မောင်ရယ်။ ဒါကိုတော့သိပါတယ်။

'ဟုတ်ပြီ။ အဲဒီအတိုင်းနေ၊ ဟုတ်ပြီ။ မင်းသမီးက အဲဒီပဝါကြားကိုယ့်ဟာကိုယ် ပြန်ငုံကြည့်ပြီး အံ့သြဟန်နဲ့ 'အို'ဆိုပြီး မျက်လုံးပြူးပြ'

'ဆမ်'

အလန့်တကြား ရေရွတ်မိတယ်။ ဒါကို ဒါရိုက်တာက

www.burmeseclassic.com

## ၂၄ အကြည်တော်

'ဘာဆိမ်လဲ၊ ခါးနားကပဝါကြားကိုယ့်ဖာသာကိုယ် ပြန်ငုံ့ကြည့်ပြီး အံ့ဩဟန်လုပ်ပြလေ'

'ဆော်လကောင်'(ဆင်)

ဘယ်လိုပြောရမှန်းမသိပါဘူးမောင်ရယ်။ ငယ်စဉ်ကတည်းက ကိုယ့်ဖာသာကိုယ် မြင်ဖူးခဲ့တဲ့မျက်နှာ၊ အခုမှပဝါလေးခြားပြီး မှ အံ့ဩပြရမတဲ့။

'ဘာအံ့ဩစရာရှိလို့လဲမောင်ရယ်'

အများထက်ထူးပြီး ချို(ဂျို)ကြီးပေါက်နေတာမှ မဟုတ်တာ။ ဒီမျက်နှာဒီမျက်နှာမြင်လို့ တစ်ခါမှ မအံ့ဩခဲ့ဖူးတာကို။ သူကျမှ ပဝါခြားပြီးမှအံ့ဩပြရမတဲ့။

အဲဒါ ဘာအထာလဲမောင်။

'ကဲ၊ ကဲ လုပ်ကြည့်'

'အို'

မပြောတော့ပါဘူးမောင်ရယ်။ ကိုယ့်ရဲ့ခါးကြားကိုယ်ပြန်ငေးရင်း အံ့အားသင့်တဟန်နဲ့ 'အို'ဆိုတဲ့အာမေဋိတ်အံ့ကြိတ်သံနဲ့ ပြောလိုက်မိတယ်။ ဒါကို ဒါရိုက်တာငပြားက အားရဝမ်းသာနဲ့ . . .

'အဲဒါမှအနုပညာ၊ အဲဒါမှအနုပညာ'

ကိုယ့်ပေါင်နားပဝါပါးကာပြီး ပြန်ငုံ့ကြည့်ပြီး 'အဆော်လကောင်'ဆိုပြီး အံ့ဩဟန်လုပ်ပြရတာ အနုပညာလားမောင်ရယ်။

မှတ်ချက်။ ။ အဆော်လကောင်ဆိုသည်မှာ ကြာမှူဟန်ပါသော



www.burmeseclassic.com

www.burmeseclassic.com



သန့်စင်သည်'အစင်'ဟုပြောသော အဆင့်မြင့်အခြောက် စကား ဖြစ်ပါသည်။

'ဆော်လကင်၊ ဆော်လကောက်၊ ဆော်လကက်'

အရုက်ကွဲသောအခါ 'ဆင်၊ ဆောက်၊ ဆက်'ဟူ၍ ရေရွတ်လေ့ရှိသော အဆင့်မြင့်အခြောက်စကားဖြစ်ပြီး'ဆော်လကားမယ်' ဟုပြောပါက သင်အခြေအနေမကောင်းတော့။ သင့်အား'ဆွဲစားမယ်' ဟူသော အဓိပ္ပာယ်ရပါ၍ ပြေးနိုင်မှ တော်ကာကျပေမည်ဖြစ်ကြောင်း အသိ ပေးအပ်ပါသည်။

(ဤကား ကျွန်ုပ်၏'စေ'။ 'စေ'ဆိုသည်မှာ စေတနာ၏ အတို ကောက်)

စဉ်းစားကြည့်ပါမောင်ရယ်။ ခါးအနာ:ပဝါပါးကာယုံနဲ့ ကိုယ့်ကို ကိုယ်ပြန်အံ့သြရအောင် ပေါင်နှစ်လုံးကြားပွေးပေါက်နေတာမှ မဟုတ် တာမောင်ရယ်။ ဘာအံ့သြစရာရှိလို့လဲ ဒီမျက်နှာ ဒီမျက်နှာ။

အခုဖြစ်နေပုံက မူးစေချင်တဲ့စေတနာနဲ့ ဦးမင်းကျော်ကို အရက် မတိုက်ဘဲ ရှိလာကိုစကာပေါ်တင်ပေးလိုက်သလိုကြီး။ ဒါပေမဲ့လဲလေ

'အို'

ပဝါပါးကြား ကိုယ့်ဖာသာကိုယ် အံ့သြဟန်နဲ့ငုံ့ကြည့်မိမှ . .

'အဲဒါပြောတာ။ အဲဒါပြောတာ။ အဲဒါမှအနုပညာ၊ ကြည့်စမ်း ပုံကဘယ်လောက်ဆက်ဆီဖြစ်လဲ မြင်တယ်မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ခုံကိုတဖြန်းဖြန်းပုတ်ပြီး အားရဝမ်းသာအော်တဲ့ ဒါရိုက်တာအသံ။

'အဲဒါပဲ၊ ယုံကြည်ချက်ကအစ ဘိုဆန်သွားပြီတွေ့လား။ အဲဒီလို အတွေးမျိုး ဘယ်သူမှမတွေးဖူးဘူး ဟုတ်တယ်မှတ်လား'

ဘယ်သူက တွေးဖူးမှာလဲမောင်ရယ်။ ဘာမှအံ့ဩစရာမရှိတာကို အံ့ဩပြရအောင် ချိုပေါက်နေတာမှမဟုတ်တာ။ စဉ်းစားကြည့်ပါ မောင်ရယ်။

ဒါမျိုးက ကျွန်မကိုမွေးပြီး သုံးနှစ်အကျော်မှာ မောင်မောင်လေးကို မေမေမွေးတော့သွားကြည့်ပြီး

'မေမေ၊ မောင်မောင်လေးက သမီးတို့လိုလဲမဟုတ်ဘူး။ အသား ပိုလေးနဲ့ ခိ'

ဆိုပြီး အရွယ်မတိုင်မီ ဘုမသိဘမသိနဲ့ ခိုးရယ်ဖူးတာပဲရှိတယ် မောင်ရယ်။ ခုနေအရွယ်မှာ ဘာအံ့ဩစရာရှိလို့လဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



'ကဲ၊ ရပြီနောက်ပိုဇေရှင်တစ်မျိုး လုပ်မယ်'

'ဆမ်၊ လုပ်ရဦးမယ်'

ကျွန်မစကားကို ဒါရိုက်တာကမျက်မှောင်ကြုတ်ပြီး . .

'ဟာ လုပ်ရဦးမှာလေ၊ ပုံကောင်းမှမရသေးတာ။ ကဲမြန်မြန်သွား၊ သန်းတာလေးလဲခဲ့'

သက်ပြင်းကိုမြန်မြန်ချ အဝတ်လဲခန်းဝင်ခဲ့ရပြန်တယ်မောင်။

မတတ်နိုင်ဘူးမောင်ရယ်။ ဒီလောကရောက်ရင် ဒီလိုပဲလုပ်ပြနေရတော့မှာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ပြောရဦးမယ်မောင်။

ဒီလောကထဲရောက်တာ၊ ဒီလိုပဲအရွယ်ကလေးလဲရ၊ အင်တာနက်ပေါ် COCနဲ့ကမြင်းရင်း၊ ပျင်းရင်းဒချိဒချိနဲ့ ဓာတ်ပုံတင်ရင်း မေမေ တိုက်တွန်းချက်နဲ့ ဟိုမယ်ပြိုင်ပွဲဆိုလဲဝင်ပြိုင်၊ ဒီမယ်ပြိုင်ပွဲဆိုလဲဝင်ပြိုင်၊ ဆုရတော့လဲပြုံးဖြီးဖြီးနဲ့ယူ။ မရရင်လဲ

'ဒိုင်မတရားလို့၊ တရားမျှတမှုလုံးဝမရှိဘူး'

စသည်ဖြင့် မီဒီယာပေါ်တက်ဖွရင်း နာမည်ကြီးမယ်စာရင်းဝင်ခဲ့ရတာပါမောင်။ ဟိုမယ်၊ ဒီမယ်သာမက၊ လေယဉ်မယ်အစ ဘတ်(စ်)



www.burmeseclassic.com

www.burmeseclassic.com



စကားစပယ်ယာမယ်ပြိုင်ပွဲထိ ဝင်ပြိုင်ပြီး အခုဆိုရင် ပြိုင်ပွဲအတွေ့အကြုံ ရင့်ကျက်လာတာနဲ့အမျှ တတ်လဲတတ်လာပါပြီ။

မယ်နဲ့ပတ်သက်ပြီး ဘယ်လောက်ထိ အတွေ့အကြုံများခဲ့လဲဆို မယ်နဲ့ပတ်သတ်ပြီး၊ 'မယ်သီလို့အများခေါ်တဲ့ 'မယ်သီလရှင်' ပြိုင်ပွဲများရှိရင် ခေါင်းတုံးတုံးပြီး ဝင်ပြိုင်ဖို့ပဲကျန်ပါတော့တယ်ကွယ်။

ကိုယ်တိုင်ကတော့ ဝင်ပြိုင်ချင်လို့မဟုတ်ပါဘူး။ မေမေက သူ ငယ်စဉ်က မလုပ်ခဲ့ရသမျှ အတိုးချပြီး လုပ်နိုင်းတော့လဲ လုပ်နေရတာ ပေါ့။

ဘယ်လောက်ထိလုပ်ဖူးသလဲဆို တရားစခန်းဝင်တာလောက်မပြောနဲ့ ဆံထုံးတစ်ထုံးဆုံးခံပြီး သီလရှင်တောင် ဝတ်ဖူးတယ်မောင်။

မေမေကပြောတယ်။

'မော်ဒယ်လုပ်ပြီး ဘာသာတရားကိုင်းရှိုင်းရင် လူချစ်လူခင်ပိုပေါတယ် ငါ့သမီးသီလရှင်ဝတ်ပစ်'

ဆိုတာနဲ့ ဝတ်ထားတဲ့အတိုအပြတ်ကိုချွတ် ဆံထုံးတစ်ထုံးအဆုံးခံပြီး သီလရှင်လဲ ဝတ်ဖူးတယ်မောင်။ သီလရှင်လဲ ဝတ်ခဲ့ဖူးပါတယ်။

အိမ်မှာနေရင် ဘုရားစင်တောင် ဘယ်နားရှိမှန်း ဘုရားပန်းဘယ်လို လဲရမှန်းတောင် မသိပေမဲ့၊ ပရိသတ်ကချစ်မယ်ဆို သီလရှင်ဝတ်တာ လောက်မပြောနဲ့ လမ်းတကာလျှောက် အမှိုက်ကောက်ဖို့လဲ ဝန်မလေးပါဘူး။

စဉ်းစားကြည့်ပါမောင်။

အိမ်မှာနေရင် ဘုရားပန်းလဲဖို့မပြောနဲ့၊ ကိုယ့်စားပြီးသားပန်းကန်



www.burmeseclassic.com

www.burmeseclassic.com



တောင် ကိုယ်တိုင်မဆေးတဲ့သူ။ လမ်းမအလယ် အမှိုက်ကောက်တာ၊ တံမြက်စည်းလှဲတာ ဒီလိုလုပ်ဖို့ ဘယ်လိုဖြစ်မှာလဲကွယ်။ ဒါပေမဲ့ မေမေ ကစပြီး . .

'ဟဲ့သမီး မယ်ဖြစ်ရင် မော်ဒယ်ဖြစ်ရင် တရားစခန်းဝင်နေ ရုံနဲ့လဲမပြီးဘူး ပရဟိတလဲလုပ်ရတယ်ကွယ့် ဂျူလီတို့ကြည့်ပါလား'

ဂျူလီလဲမသိ ဂျူလိမ်လဲမသိခဲ့ရိုးအမှန်ပါမောင်ရယ်။ ဒါပေမဲ့ မေမေ က ပရမှာဟိတရမယ်ဆိုတာနဲ့ ဒုက္ခသည်တွေဆီလဲသွား ရောဂါသည် တွေနဲ့တောင် လက်ဆုံစားရဲခဲ့ရတယ်ကွယ်။

တကယ်တော့မောင်ရယ်။ အိမ်မှာနေရင် ကိုယ်စားတဲ့ပန်းကန်တောင် ကိုယ်မဆေးတာ ပရဟိတဆိုတာ ဝေးရောပေါ့။ ကျွန်မသာ တကယ် စိတ်ပါရင် ဒီလိုမော်ဒယ်တွေ မယ်တွေမဖြစ်ခင်ကတည်းက လုပ်မှာပေါ့။ မဟုတ်ဘူးလား၊ မယ်ဖြစ်မှ ပရဟိတလုပ်ရမယ် မဟုတ်ဘူး။ ဝါသနာပါ ရင် ရပ်ကွက်ထဲနေကတည်းက လုပ်လို့ရပါတယ်။

အခုတော့ကွယ်။ သူများဟိတလို့မှ ကိုယ်မဟိတရင်၊ ခေတ်မမီ သလိုဖြစ်မှာစိုးလို့ တပြုံးပြုံးနဲ့။ ပရမှာလဲ ဟိတနေရတော့တာပေါ့။

(ဒါတောင် သူများကို ပြောတာမဟုတ်ပါဘူး။ ကျွန်မကိုယ်ကျွန်မ ပြန်ပြောတာပါမောင်။ မောင်သိစေချင်လို့ပါ။)

ဒါတွေကလဲ၊ ဘယ်လိုလုပ်လုပ် ပိုက်ဆံကုန်တာမှ မဟုတ်တာ။ အလှူတစ်ခုခုလုပ်တိုင်း

'ဦးရေ သမီးဘယ်နားမှာလှူချင်လို့ အလှူငွေလေး ထည့်ပေးပါဦး'

'အန်ကယ်ရေ၊ သမီးအလှူလေးမှာ ကူပေးပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုက်တာနဲ့၊ ဦးဦးတွေအန်ကယ်တွေက

'ရတာပေါ့ မီးမီးရယ် ဘယ်လောက်လဲပြော ဟီးဟီး'

'အန်ကယ်တောင်စဉ်းစားနေတာ သွားလှူမလားလို့ ဟိ'

စသည်ဖြင့် အန်ကယ်ကြီးများ စပွန်ဆာနဲ့

'ရွာသားပေါင်းစု၊ သူကြီးကောင်းမှု'

လုပ်လို့ရနေတာပဲကွယ်။ ကိုယ်ဖိရင်ဖိကို ကူညီချင်လွန်းလို့ဆိုတာ ပါသေးမောင်ရယ်။

ဟိုတစ်ဖက်မှာတော့ 'မော်ဒယ်၊ မင်းသမီးလေးအလှူ'ဆို ဘယ်သူသိတာမှတ်လို့။ 'စပွန်ဆာများပေါင်းစု၊ မော်ဒယ်ကောင်းမှုပေါ့'။ ဟုတ်ဖူးလား။

■■■



www.burmeseclassic.com

www.burmeseclassic.com



'ကဲမင်းသမီး အဝတ်လဲတာ ဒီနေ့ပြီးဦးမှာလား'

ဟုတ်သား၊ ခတ်ပုံရိုက်ကွင်းက ပြီးမှမပြီးသေးတာပဲ။

ဒီလိုနဲ့ ကြောက်ကြောက်လန့်လန့်နဲ့ ကြုံရာဆွဲပတ်၊ မျက်နှာသုတ်တဲ့တဘက်ကြီး ဖြစ်နေတာပေါ့။

'ဟာ မင်းသမီး ဒီတစ်ခါလန်းလှချည်လား၊ ဒီ ဒီဇိုင်းမြန်မာပြည်မှာ တစ်ခါမှ မမြင်ဖူးသေးဘူး'

ဘယ်တည်းခိုခန်းမှာဖြစ်ဖြစ် ရှိပါတယ်ကွယ်။ ဒါပေမဲ့ တည်းခိုခန်း



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင် ၃၃

ကနိုးလာ၊ အဲလေတည်းခိုခန်းက မေ့ပြီးပါလာတဲ့ တဘက်အနွမ်း ကလေးပါ။

ကိုယ်လဲ ချော်လဲရောထိုင်ပြီး

'အင်းဟုတ်တယ်။ ဒါမျိုးကရှားတယ်။ ဒါက မိတ်အင်ဖင်လန်လေ'

'သြော်၊ ဖင်လန်ထုတ်ကိုး။ ဒါကြောင့်ပေါ်တာ'

ဘုမသိဘမသိရောသေး။ ဟုတ်တယ်လေ။ ဒီတဘက်ကြီးဝတ်မှ တော့ ဖင်လန်ပြီပေါ့။ ဒါထက်ပိုချင်ရင် 'ပိုလန်တောင်ရှိသေး'

'ဝတ်စုံကတော့ ဟုတ်ပြီဗျာ။ ဒီဝတ်စုံနဲ့ဆို ဖြလို့ရပြီ'

'ဆင်'

ညက်လုံးတောင်ကျူးတယ်မောင်ရယ်။ ပြောပုံကြည့်ဦး။ ဒါနဲ့ပဲ .

'ဘာဖြမှာလဲဟင်'

'ဟာ မုဒလေ၊ မုဒ၊ မုဒဖြလို့ရပြီလို့၊ အတွေးအခေါ်ဘိုဆန်စမ်းပါ'

ဒီလိုပါပဲမောင်ရယ်။

ဒီလောကကို ဘုမသိဘမသိနဲ့ ရောက်လာလေတော့ အရာရာမှုန် ဝါးဝါး။

ကျွန်မတို့ဘဝဟာ ဟိုပုံပြင်လိုဖြစ်နေပါပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ကြုံလို့သောက်ဖောင်းထုပါရစေမောင်။

သောက်ဖောင်းထုတာ မောင်လဲသိမှာပေါ့။ သောက်ဖောင်းထုတာကအတင်းပြောတာလဲ မဟုတ်ဘူးလေ။ အတင်းပြောတယ် ဆိုတာ တစ်စုံတစ်ယောက်က အပြစ်မရှိမှ၊ ဒါမှမဟုတ် တခြားတစ်ယောက်ရဲ့ အပြစ်ကိုမြင်မှ အတင်းတုတ်လို့ရတာပါ။

သောက်ဖောင်းထုတာကတော့ ဘယ်သူ့ကိုမှ ဘာအပြစ်မှမြင်စရာမလိုဘဲ ကိုယ့်ရဲ့တစ်ဘက်သတ်ဆုံးဖြတ်ချက်နဲ့ကိုယ် လိုရာဆွဲတွေးပြီး ပျစ်ပျစ်နှစ်နှစ်ပြောတာကို သောက်ဖောင်းထုတယ်လို့ခေါ်တယ်မောင်။



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင် ၃၅

ကျွန်မတို့လောကမှာ သောက်ဖောင်းထုတတ်မှ လူချစ်လူခင်ပေါတာ လေ။ လူဝိုင်းတာပေါ့။

အခုလဲ ရှက်လို့ဘယ်သူမှမပြောဘဲ၊ လူစုံတုန်းလေးမို့ သောက်ဖောင်း ထုပါရစေမောင်။

ကျွန်မတို့ဘဝက ဟိုပုံပြင်ထဲကလို ဖြစ်နေတယ်။

တစ်ခါက ရွာတစ်ရွာမှာ ဥနှစ်လုံးနဲ့ တစ်ကောင်ကြွက် ရွာသား လေးတစ်ဦးရှိသတဲ့။ ဥနှစ်လုံးတစ်ကောင်ကြွက်ဆိုလို့ ညက်လုံးကျူး အံ့ဩသွားသလားမောင်။ မအံ့ဩပါနဲ့။ ဟုတ်တယ် ဥနှစ်လုံးနဲ့ တစ်ကောင်ကြွက်အစစ် မောင်ရဲ့။

ဒီလိုပါ။ သူ့မွေးသမိခင်ကမွေးတုန်းက အမွှာလေးမွေးတာတဲ့။ ဒီတော့ သူက သူများလို ဥတစ်လုံးမဟုတ်ဘူးပေါ့။ တစ်ကောင်ကြွက် ဖြစ်သွားရခြင်းက သူ့မိခင်က သူတို့ဥနှစ်လုံးကိုမွေးပြီး အမွှာထဲကတစ် ကောင်က မိခင်နဲ့အတူ ဆုံးပါးသွား ရှာသတဲ့။ ဒါကြောင့်ပဲ ဒီကျေးတော သားဟာ အများနဲ့မတူ ဥနှစ်လုံးတစ်ကောင်ကြွက် ဖြစ်နေရတာပေါ့။

အဲဒီကျေးတောသားလေးဟာ မိမရှိဘမရှိနဲ့ဆိုတော့ တစ်ရွာလုံးရဲ့ ခိုင်းဖတ်ဖြစ်နေရရှာတာပေါ့။ သိပ်သနားစရာကောင်းတာပေါ့နော်။

နေ့စဉ်နဲ့အမျှ တောထဲသွားရင်း ဆိတ်ကျောင်း၊ နွားကျောင်း၊ မှိုချိုး၊ မျှစ်ချိုးရင်း ဘဝကို ခပ်ရိုးရိုးပဲ ဖြတ်သန်းနေရသပေါ့။

ဆိတ်ကျောင်း၊ နွားကျောင်းဖို့သွားရင်း အပျင်းပြေမှုတ်ဖို့ ပလွေလေး တစ်စင်းသာ အဖော်ပြုရရှာတာပေါ့။ သူ့ဘဝက သနားစရာ။

တစ်နေ့တော့ တောထဲသွားရင်း ပျင်းပျင်းရှိတာနဲ့ ဆင်ဖြူတော်မှီပြီး ပလွေမှုတ်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလေ။

တောထဲ တောင်ထဲ နေ့စဉ်သွားရင်းနဲ့ တောထဲမှာ ကျက်စားနေတဲ့ ဆင်ဖြူတော်ကြီးနဲ့ ခင်မင်ရင်းနှီးပြီး သူတောထဲလာရင် ဆင်ဖြူတော်ကြီးက သူ့ရဲ့ပလွေသံကို နှစ်သက်လို့ ကျေးတောသားလာရင် သူ့ရဲ့ကျော ကိုမှီစေပြီး ပလွေသံနားထောင် တတ်တဲ့အတွက် ကျေးတောသားခမျာလဲ နေ့စဉ် 'ဆင်ဖြူတော်မှီပြီး ပလွေမှုတ်'နေရတော့တာပေါ့။ သူများက ကြံပဲစုပ်ဖူးတာ။ သူ့ကျမှထူးပြီး . . .

အမှန်တော့ ဆင်ဖြူတော်အစစ်လဲမဟုတ်ပါဘူး မောင်ရယ်။ တောသားက တောထဲမှာတစ်နေကုန်ပျင်းနေတာနဲ့ဆင်မဲကို ထုံးသုတ် ပေးထားလို့ ထုံးရောင်တင်ပြီး ဆင်ဖြူတော်ဖြစ်ရတာပေါ့။ ဒါမျိုးဆို ဒို့ဆီကလဲ သိပ်သဘောကျပြီး တက်စီးကြတယ်မဟုတ်လား။ ဆင်မဲကို ထုံးသုတ်ထားတာကြီးကို ဆင်ဖြူစီးရင် ဘုန်းကြီးတယ်ဆိုပြီး တက်စီး တာလေ ဟိုလူကြီးပေါ့။ ထားပါ။

ပုံပြင်လေး ထပ်ဆက်ပါရစေမောင်။

ဒီလိုနဲ့ဖြစ်ချင်တော့ တစ်နေ့မှာ ရေမြေ့သနင်း ပြည့်ရှင်မင်း ရုတ်ချင်း နတ်ရွာစံလေတော့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့သူက လစ်လပ် သွားလေတာပေါ့။ ဒီလိုနဲ့မှူးမတ်များက တိုင်ပင်ကြတယ်လေ။

မှူးမတ်ဆိုတာ မောင်လဲ သိမှာပေါ့။ တစ်ချိန်လုံး 'မှူး'ပြီး 'မတ်' ချင်ယောင်ဆောင်နေတာလေ။ ပုရောဟိတ်ဆိုတာက ပုရွက်ဆိတ်က လာ တာတဲ့။ ဒါကြောင့် ပုရောဟိတ်တွေက ပုရွက်ဆိတ်တွေလို ခေါင်းကြီးပြီး ခါးချိုနေတာတဲ့။ ကျွန်မတော့ မသိပါဘူးမောင်ရယ်။ အများပြောကြလို့ ကြားဖူးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ဖုတ်သွင်းရထား လွတ်ပြီးရှာခိုင်းရင် လစ်လပ်နေတဲ့ဘုရင့်နေရာအစားထိုးဖို့ ဘုန်းကံမြင့်သူတစ်ယောက်တော့ တွေ့လိမ့်မယ်။ အဲဒီ ဘုန်းကံမြင့်သူကို ဘုရင်နေရာ အစားထိုးကြမယ်ဆိုပြီး ရထားကိုယူပေါ့။ ပြီးတော့ အဲဒီရထားကို ဖုတ်သွင်းကြတာပေါ့။

ဖုတ်သွင်းတာက ရိုးရိုးသွင်းလို့မရဘူးမောင်။ မြင့်မြတ်ပြီး မူးပြီး မတ်နေတဲ့ မှူးမတ်များ၊ ပုရွက်ဆိတ်မျိုးနွယ် ပုရောဟိတ် များက

'ပြည်သူဖုတ်ဖုတ်ဒို့ဖုတ်ဖုတ်၊ ပြည်သူ့ဖုတ်ဖုတ်ဒို့ဖုတ်ဖုတ် ပြည်သူဖုတ်ဖုတ်ဒို့ဖုတ်ဖုတ်'

ဆိုပြီး သုံးကြိမ်သုံးခါအော်ပြီး ဖုတ်သွင်းရသတဲ့။ အဲဒီအခါမှာ ဆင်ဖြူတော်မှီပြီး ပလွေမှုတ်နေတဲ့ ကျေးတောသားရဲ့ သေလွန်ပြီးဖြစ်တဲ့မိခင်မှာ မကျွတ်မလွတ်နိုင်ဘဲ အဲဒီအရပ်မှာဖုတ်ဖြစ်နေသတဲ့။

ပုရွက်ဆိတ်ကြီးများ အဲလေ ပုရောဟိတ်ကြီးများရဲ့အော်သံကို ကြားမိသောအခါ မိခင်ဖုတ်မကြီးက ခေါင်းထောင်ထပြီး

'ပြည်သူ့ဖုတ်ဖုတ်ဆိုတော့ ဒါဟာ မိန်းမကိစ္စပဲ၊ မိန်းမကိစ္စဆို ဖုတ်ဖုတ်ဖြစ်နေတဲ့ ငါနဲ့လဲဆိုင်တယ်။ ဘာလဲမသိ ငါပြေးကြည့်ဦးမှ'

ဆိုပြီး ဖုတ်ဖုတ် ဖုတ်ဖုတ်နဲ့ ဖုတ်မပြေးအကြည့် . .

'အလို ရထားကိုဖုတ်သွင်းနေပါလား။ ငါလဲ ဖုတ်ဖုတ်ပဲ။ အဲလေ ဖုတ်ပဲ။ ငါဝင်ကမြင်းဦးမှ'

ဆိုပြီး အင်မတန်နန့်လှတဲ့ ဖုတ်မကြီးမှာ ရထားပေါ်တက်ကမြင်းရင်း တောတွင်းအပြေးနှင်လေတော့တာပေါ့။

ပထမတော့ ယိုင်ထိုးယိုင်ထိုးနဲ့ တစ်ရှာ့ကိုး တစ်ရှာ့တစ်ဆယ်လုပ်



www.burmeseclassic.com

www.burmeseclassic.com

## ၃၈ အကြောင်း

နေရင်းကမှ ဟိုလူ့ဝင်တိုးမလို ဒီလူ့ဝင်တိုးမလိုလုပ်ရင်းက တောထဲမှာ ဆင်ဖြူတော်မှီပြီး ပလွေမှုတ်နေတဲ့ သားဖြစ်သူကို သတိရလာ တယ်

'ဟယ် ဟုတ်သား။ ငါ့ရဲ့သား တောထဲမှာဂျူလေဗီဘဝနဲ့ အထာ မကျဖြစ်နေရှာတယ်။ သူကစားရအောင် ဒီရထားငါ့သားဆီ တွန်း သွားမဟဲ့'

စိတ်ကူးပေါက်ပြီး ရထားကြီးကို သားရှိရာ အားကုန်တွန်းသွားသတဲ့။

ဒီမှာတင် တောထဲမှာ တစ်ကိုယ်တည်း ဆင်ဖြူတော်မှီပြီး ပလွေမှုတ်နေတဲ့ကျေးတောသားကို တွေ့ပါလေရောလား။

အဲဒီမှာတင် မိခင်ပြည်သူ့ဖုတ်ဖုတ် ရထားပေါ်က မိန်းမပီပီသသ ထဘီရင်ခေါင်းစည်းခုန်ချပြီး

'သားရေ မေ့သား။ ဒီမှာ မင်းစီးဖို့ရထား အမေခိုးလာသဟဲ့။ အဲလေ တွန်းလာသကွယ့်'

ဆိုတော့ ရထားကြီးက တောသားရှေ့အရပ်၊ ခုနကပြောတဲ့ ပုရွက်ဆိတ်ကြီးများ အဲလေ ပုရောဟိတ်ကြီးများက ကျေးတောသားကို မြင်တော့တာပေါ့။

'ဟယ် ထူးဆန်းပေစွ။ ရုပ်ရည်မှာလဲ သန့်ပြန့်လွန်းတဲ့အပြင် ရှား ပါးဆင်ဖြူတော်မှီပြီး ပလွေမှုတ်နေတယ်ဆိုတော့ ဒါဟာ ဘုန်းကံမြင့်သူ မင်းတစ်ပါးဧကန်ဖြစ်လိမ့်မယ်။ ကဲ လှည်းပေါ်တင် ဘုရင်ဖြစ်ဖို့ပို့ကြစို့'

ဆိုပြီး ဥနှစ်လုံးတစ်ကောင်ကြွက်ကို ရထားပေါ်တင်၊ နန်းရင်ပြင် အရောက် ပြန်တွန်းကြလေတော့ ကျေးတောသားခမျာ ဂယောင်ဂယင်နဲ့ ဘုရင်ဖြစ်ရရှာတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင် ၃၉

ဒီလိုပါပဲမောင်ရယ်။ ကျွန်မတို့ဘဝကလဲ ဒီလိုပါပဲ။

ဘာမှလဲမလေ့လာ၊ ဘာမှလဲမသိဘဲ ဒီဘဝမှာ ဂယောင်ဂယင်နဲ့ ရောက်လာရလေတော့ ကိုယ့်ဆီကို ဖုတ်သွင်းရထား ဘယ်အချိန် ဆိုက်လေမလဲ၊ ဘယ်အချိန်မှာ ကံကောင်းလေမလဲလို့ ဆင်ဖြူတော်မှီပြီး အဲလိုပဲစောင့်ဆိုင်းနေရလေတာပေါ့။

မိခင်ဖြစ်သူက 'ငါ့သားသမီးကံကောင်းဖို့၊ ရထားလိုက်တွန်းရင်းကို သာယာချင်ယောင်ဆောင်ပြီး ဂယောင်ကရင်ဘဝက ဘုရင်မဖြစ်ချိန် စောင့်ဆိုင်းနေရသူတွေပါကွယ်' လို့။

မှတ်ထားမောင်။

'အဲဒါသောက်ဖောင်းထုတယ်လို့ခေါ်တယ်'

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့၊ မင်းသမီး မပြီးသေးဘူးလား။ အောင်မလေး အဝတ်အစား တစ်ခါလဲတာ ခိုးသားငါးရာနဲ့ လင်နောက်လိုက်ရတဲ့အတိုင်းပဲ၊ ပြီးကို မပြီးနိုင်ဘူး'

ဆံပင်မွှေးပါ ထောင်မိတယ်ကွယ်။ ကြည့်စမ်းပြောစကား။ ခိုးသား ငါးရာနဲ့ လင်နောက်လိုက်တဲ့အတိုင်း ပြီးကိုမပြီးနိုင်ဘူးတဲ့။ ဘာစကား လဲမောင်။ ရေလေးတော့ချိုးပါရစေဦး အဲလေ . .ယောင်ကုန်ပြီ။

'ဟုတ်၊ ဟုတ် လာပြီ၊ လာပြီ'

ကြောက်လဲကြောက်ရတာမို့ ကမန်းကတမ်း အပြင်ထွက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုနကအတိုင်း မေ့ပြီးဝတ်ခဲ့မိတဲ့ တဘက်ကလေး ခါးစည်းလို့ပေါ့။

'ဟုတ်ပြီ၊ ဝတ်စုံကတော့ဂွဒ်ပြီ။ ကဲ . .မင်းသမီးစဖြမယ်'

'ဆင်'

ညက်လုံးတောင်ကျူးတယ်မောင်။ ဂယောင်ဂယင်နဲ့

'ဟင်၊ ဘာဖြရဦးမှာလဲဟင်'

ဒါရိုက်တာက ခေါင်းကုပ်ပြီး

'ဟာ မုဒဖြမှာလေ၊ မုဒဖြမှာ ဘာတွေလိုက်တွေးနေလဲ၊ ကဲ၊ ဖြလိုက်စမ်း'

မတတ်နိုင်ဘူးမောင်ရယ်၊ သူဖြကိုယ်ဖြ ဖြရတာပေါ့။ Mood ကိုပြောတာနော်။

ဩော်မောင်ရယ်။ ဒါပေမဲ့ကွယ်။

ယုံကြည်ချက်တွေဘိုဆန်ဖို့ ကျွန်မအင်္ဂလိပ်မှ မဟုတ်တာမောင်။

'ကောင်းပြီ၊ ကဲ . .မင်းသမီးပဝါနှစ်စအသာဟပြီး ခါချပြလိုက်'

'ဆမ်'

ဘာပြောပြော၊ ညက်လုံးကိုကြူးကြူးနေရတယ်မောင်။ ဒါကို ဒါရိုက်တာက စိတ်ညစ်ဟန်နဲ့သူ့နဖူးသူအုပ်ကိုင်ပြီး

'ကျွတ်၊ ပဝါနှစ်စအသာဟပြီး ခါချမှာလေ။ မသိဘူးလား' သိတာပေါ့မောင်။ ဒါပေမဲ့ ခါချလဲ သူပြုတ်ကျမှာမှ မဟုတ်တာ။ သူ့ဖာသာသူ ကပ်ပါနေတဲ့ပစ္စည်း။ (ပဝါကိုပြောတာနော်။ တစ်မျိုးမတွေးနဲ့ဦး။)

ဘယ်လိုခါချခါချ ကျမှာမှမဟုတ်တာ။ ဒီပဝါက



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လေ မတတ်နိုင်ဖူးပေါ့မောင်ရယ်။ မခါချရင် ကမ္ဘာမပြရမှာစိုးလို့ပြုတ်မကျနိုင်မှန်းသိပေမဲ့ ခါချပြလိုက်တာပေါ့။

'ဟုတ်ပြီ ဟုတ်ပြီ။ ဆက်ခါယုံကြည်ချက်တွေ ဘိုဆန်နေပြီ'

မော်တာတပ်ထားတာမဟုတ်ပေမဲ့၊ ခါးကြားကချွေး၊ ခြေမကျအောင် ခါချပြရတော့တာပေါ့။ (ချွေးလားသေးလား မသိတော့ပါဘူး)

'ဟုတ်ပြီ ကင်မရာမင်း၊ ပဝါအလှပ်ကိုမိအောင်ရိုက်၊ ဒါမှဘိုဆန်မှာ'

သြော်၊ ရည်ရွယ်ချက်က အဲလို ပြင်းထန်ကြတယ်မောင်။ ပဝါအလှပ်မှချောင်းရိုက်သတဲ့။ ဣန္ဒြေရှင်ပီပီ ဖြုပြလိုက်ရ မကောင်းရှိတော့မယ်။ သြသိကိုပြောတာနော်။

'ဖြတ် ဖြတ် ဖြတ်'

ကင်မရာမင်းမီးက ခါးအောက်ပိုင်းမှာ ပွင့်နေတာ။ မျက်နှာမပါဘူးနော်။ အဲလိုတိကျတာ။

'ဟယ်လို၊ ဟယ်လို'

ကျွန်မရဲ့ဖုန်း လာနေတာလေ။ မေမေက ဖုန်းကိုယူပြီးပြောနေတာ။ ဘာပြောလဲနားထောင်ကြည့်ရင် မောင်သိပါလိမ့်မယ်။ နားထောင်ကြည့်။

'ဟဲလို အင်းဟုတ်တယ်။ သမီးက မျက်နှာဖုံးရိုက်နေလို့။ ဘာကိစ္စလဲ ပြောပါ'

' × × × '

'သြော်ဖဲပြင်ဖို့အဲလေ၊ ဆိုင်ဖွင့်ပွဲဖဲကြိုးပြင်ပေးဖို့ဘယ်နေ့လဲ'

' × × × '



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင် ၄၃

'အင်းအင်း သမီးအားလားမအားလား ကြည့်လိုက်ဦးမယ်၊ သိတယ် မဟုတ်လား သမီးကသိပ်ကြပ်တာ'

အမှန်တော့ ဘယ်အချိန်ဖြစ်ဖြစ် အားနေတာပါမောင်။ ဘယ်လောက် ထိအားလဲဆိုရင် မိန်းကလေးတန်မဲ့ COCတောင် လယ်ဘယ်ကိုး ဆယ်ကျော် ကစားထားပြီးပြီ ဆိုတော့ စဉ်းစားသာကြည့်။ ဒါပေမဲ့ အား နေတာကို အားနေတယ်ပြောရင် ဂုဏ်ငယ်ရလို့ မအားဘူးချည်း စွတ်ပြော နေရသူတွေပါကွယ်။ မေမေ ဘာပြောလဲ ဆက်နားထောင်ကြည့်မယ်။ မောင်သဘောပေါက်သွားမှာပါ။ နားထောင်ကြည့်။

'အင်း၊ နက်ဖြန်က၊ နက်ဖြန်က ရောဂါသည်တွေနဲ့ ထမင်းစားဖို့ ရှိတယ်။ နောက်တစ်ရက်က၊ ဟုတ်တယ်။ မျက်မမြင်ကျောင်းမှာ ရှိုး လျှောက်ရမယ်။ နောက်တစ်ရက်က ဆွံ့အနားမကြားကျောင်းမှာ သီချင်း ဆိုရမယ်။ နောက်တစ်ရက်က ဉာဏ်ရည်မမီသူတွေနဲ့ သချ်ာပြိုင်ရမှာ ဆိုတော့ '

မောင်သဘောပေါက်လောက်ပြီထင်တယ်။ ကျွန်မတို့ ဘယ်လောက် အလုပ်များတယ်ဆိုတာ။

ရောဂါသည်တွေနဲ့ ထမင်းစားတာ။ မျက်မမြင်ကျောင်းမှာ ရှိုး လျှောက်ရမယ်တဲ့။ သူတို့က ဘာမြင်မှာမို့လဲမောင်။

နောက်တစ်ရက်ကဆွံ့အနားမကြားကျောင်းမှာ သီချင်းဆိုရမတဲ့။ နား မကြားပါဘူးဆိုမှ ဘာသွားဆိုပြနေရဦးမှာလဲ။ အဲလိုအရည်အချင်းနဲ့ ပြည့်စုံတာလေ။

နောက်တစ်ရက်က ဉ ဏ်ရည်မမီသူတွေနဲ့ သချ်ာပြိုင်ရမတဲ့။ ကဲ ကိုယ်အသာချည်းပဲမဟုတ်လားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်ရက်က ပိုလီယိုရောဂါသည်တွေနဲ့ ဘောလုံးကန်ရမှာ'

ဟော၊ ပါတယ် မတွေ့လား။ ပိုလီယိုရောဂါသည်နဲ့တောင် ဘောလုံးကန်ရဦးမတဲ့။

အဲဒီလို ဒိတ်ကြပ်တာလေ။ အဲသည်လိုအောင်မြင်တာပေါ့။ ရုပ်ပေါက်တယ်နော်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ပြောရဦးမယ်မောင်။

'လူထုရင် အနူထရတာ ကျွန်မတို့ဘဝပါ မောင်'

နာမည်မကြီးခင်အချိန်မှာတော့ လူထုထုမြင်တာနဲ့ အနူဝင်ဝင်ထ ပြရသူတွေပါ။ တစ်နည်းပြောရရင် ဝင်ယားပြရတာပေါ့။ ယွတာပေါ့လေ။

သူများရှိုးဆိုလဲ ကိုယ်ဝင်ရှိုးနိုင်အောင်၊ သူများဖဲကြိုးဆိုလဲ ကိုယ်လည်း ဖဲကြိုး။ သူများပရဟိတရင်လဲ ကိုယ်ဝင်ဟိတမှ နေရာရသူပါမောင်။ (သူများပြောတာမဟုတ်ဘူး၊ ကိုယ့်ဘာသာကိုယ်ပြောတာပါ)။



www.burmeseclassic.com

www.burmeseclassic.com



'အင်း အဲဒီနေ့တော့ သမီးလေးမအားဘူး။ မျက်မမြင်တွေကို မျက်လှည့်ပြရမှာ။ အင်း၊ ဒါပေမဲ့'

ကြည့်ဦးမောင်။ မျက်မမြင်တွေကို မျက်လှည့်ပြရမတဲ့။ တကယ့် အလုပ်ကြီးအကိုင်ကြီးပါပဲ။

'ဒါပေမဲ့ပြောထားပေးမယ်။ အင်းဟုတ်တယ်။ ပြီးတော့ အရူးတွေကိုလဲ 'က'ပြရဦးမှာ။ မအားတဲ့ကြားက လာဖြစ်အောင် လုပ်လိုက်မယ်လေ။ အင်း'

ရုပ်ပေါက်တယ်မဟုတ်လားမောင်။ အရူးတွေကို 'က'ပြတာ တော်ရုံ အဆင့်နဲ့တော့ မရဘူးနော်။

သွက်သွက်လည်အောင် ရူးနေတဲ့အရူးတောင် ကြောင်ကြည့်သွားရလောက်အောင် 'က'ပြရဲတဲ့ ကျွန်မတို့ရဲ့ရူးသွပ်မှုကို မောင်အသိအမှတ်ပြုပြီမဟုတ်လားဟင်။

ဒါကြောင့်ပြောတာပါ။

'လူထူးရင် အနူထတာ ကျွန်မတို့ဘဝပါ'

'ဟုတ်ကဲ့ပါ။ ရပြီလို့မှတ်လိုက်ပါ။ သမီးကို ပြောထားပေးပါမယ်။ စိတ်ချပါ'

မအားတဲ့ရက်မှ မရှိတာမောင်ရယ်။ ဒိတ်ကရပြီပေါ့ ဟုတ်ဖူးလား။

'ဟော့၊ ဟော့၊ ရုပ်လေ၊ ရုပ်၊ ရုပ်'

'အင်းပါ၊ အဲဒီနေ့ရောက်အောင်လာခဲ့ပါမယ်။ စိတ်ချလိုက်တော့'

'ဟော့၊ ရုပ်ဆို၊ ရုပ်တော့လေ၊ ရုပ်တော့'



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာကြီးရဲ့အော်သံကြားမှ လန့်ကြည့်မိတယ်။ ဒီတော့မှ ကြောင်ပြီး . .

'မေမေ၊ ရပ်တော့၊ ရပ်တော့တဲ့'

လန့်အအော်။ ဒါရိုက်တာကြီးက . .

'အာ၊ ညည်းအမေကိုပြောနေတာမဟုတ်ဘူး။ ညည်းကိုပြောနေတာ'

ဒီတော့မှ ပြန်ငုံ့ကြည့် ။ လှုပ်နေတဲ့တင်ပါး။ အဲဒီတော့မှလန့်ပြီး

'ဟင်၊ ရပ်လို့မရတော့ဘူး။ ရပ်လို့မရတော့ဘူး'

ဘယ်အချိန်ထဲက စလှုပ်ခဲ့မှန်းမသိတဲ့တင်ပါး၊ အသားကျပြီး လှုပ်လာလိုက်တာ၊ ရပ်ချိန်ပြန်ရပ်လို့မရတော့ဘဲ၊ စက်ချတ်ယွင်းသွားတဲ့ ဗာဘာရေတာလို တရစပ်လှုပ်ခပ်နေဆဲ။

'အဲဒါမှဒ်၊ အဲဒါမှဒ်၊ ခုမှမှဒ်ဝင်သွားတာ။ ဆက်ရိုက်၊ ဆက်ရိုက်'

ဒါရိုက်တာရဲ့ ဝမ်းသာအားရအော်သံ။

'ဖြတ် ဖြတ် ဖြတ်'

'ဩော်၊ ရပ်မရပါဘူးဆိုမှ'

'ရိုက်၊ ရိုက်'

မသိရင် အရေးအခင်းဖြစ်လို့လက်ပတ်နီနဲ့လူတွေကို ဝင်ရိုက်ခိုင်းတာကျနေတာပဲ မောင်ရယ်။ ရိုက်တာမှ တဖြောင်းဖြောင်းတောင်မြည်သေး။ ကိုယ်လဲ ကိုယ့်အပူနဲ့ကိုယ်မို့

'မာမီ၊ မာမီလုပ်ပါဦး၊ ရပ်မရတော့ဘူး။ ရပ်မရတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'မာမီလာပြီ၊ မာမီလာပြီ ဟိုင်းယား'

ဆိုပြီး အခြောက်ကြီးတင်ပါးကိုခုန်အအုပ်။ ခါးမှာတုပ်ထားတဲ့ ပဝါစကို လက်နှစ်ဖက်နဲ့ဆွဲဖမ်းရင်း

'ထွက်စမ်း၊ အဲဒီမှုဒ်၊ ထွက်စမ်းအဲဒီမှုဒ်'

'ဖတ် ဖတ်'

တင်ပါးကို လက်ကြမ်းကြီးနဲ့ တဖတ်ဖတ်ချရင်း၊ နတ်ဆရာက မထွက်သော နတ်ဝင်သည်ကို ဇက်ပိုးအုပ်သလို တင်ပါးကိုတုတ်တုတ် မလှုပ်အောင် ဖမ်းချုပ်ပြီး၊ တဖုတ်ဖုတ်နဲ့ချတော့မှ၊ မထွက်ချင်ထွက်ချင်နဲ့ နတ်ဝင်သည်လို တင်ပုဆုံခမျာ ခပ်ရှက်ရှက်နဲ့ မုဒ်ထွက်ရရှာတယ်။

ဒါတောင်တစ်ခါတစ်ခါ ပြန်တုန်တက်လာလို့၊ မာမီခမျာ တွယ်ချိတ်ကြီးကြီးနဲ့ စောင့်ရရှာတာပေါ့။

'မလှုပ်နဲ့နော်။ ဒီမှာတွေ့လား ချိတ်'

ဆိုပြီးတရားခံကို မျက်ခြည်မပြတ်စောင့်ကြည့်နေတဲ့ ပတ္တယောင်လို လက်နက်ကြီးနဲ့ စောင့်ကြပ်နေရလေရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com





ဒီလိုပါပဲမောင်။

သူတို့ပြောတဲ့မုဒ၊ ကိုယ်ထင်အမြင်မှာတော့အယွ။ တစ်ခါတစ်ခါလဲ ခါချမှထွက်ရှာတာပေါ့။

'ကဲ . .ဒီနေ့တော့တော်လောက်ပြီ'

ဒါရိုက်တာရဲ့ ဒီစကားကြားမှ သက်ပြင်းချနိုင်တယ်။

'ဟူး တွေ့လား အသစ်တွေကို သင်ရတာမလွယ်ဘူး၊ ဟူး ပင်ပန်းတယ် ဟူး'



www.burmeseclassic.com

www.burmeseclassic.com

## ၅၀ အကြည်တော်

ဩဘ်အသစ်တွေသင်တာတဲ့။ မပြောတော့ပါဘူး။ ပဝါနှစ်စကြားအသာချောင်းတာကို သင်တာဆိုလဲ . .အင်းလေ . .သင်တာပဲပေါ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



ရှက်လို့တော့ ဘယ်သူမှမပြောဘူး။ လူစုံလို့ သောက်ဖောင်းထုပါရစေဦးမောင်။ တခြားအကြောင်းရယ်တော့ မဟုတ်ဘူး ။ ကျွန်မတို့မိသားစုအကြောင်းကလေးပဲ သောက်ဖောင်းထုပါရစေ။

ဒီလိုပါမောင်။

ကျွန်မရဲ့မေမေက တောမြို့ကလေးတစ်မြို့ကပါ။ ဖေဖေကတော့ တခြားတစ်မြို့တစ်ရွာကပါ။

အရွယ်ရောက်လာတော့ အဖေကဝန်ထမ်းကြီးဖြစ်လာပြီး ဘယ်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ပိုက်ဆံရလို့ ရမှန်းမသိအောင် ဖြစ်လာတာပေါ့။ အဲဒီမှာ မေမေကလဲ ပွဲနောက်ပဲလိုက်ရတော့မလို နတ်ကတော်ပဲ လုပ်ရတော့မလို နဲ့ ယောင်လည်လည်နဲ့ဖြစ်နေတုန်း ကြောင်သကျူး (သွားကျိုး)နဲ့ ဆက် ရက်ပိုလီယိုတွေ့ကြတာပေါ့။

ကြောင်ကလဲဝါးပါများလို့ သွားကျိုးပြီးသား ဆက်ရက်ကလဲ ပိုလီယို ဖြစ်ပြီး ဘယ်မှမပြေးနိုင်ဆိုတော့ အဆင်သင့်ဖြစ် သွားကြတာပေါ့။

ဒီလိုနဲ့အကြောင်းပါလေတော့ ဖေဖေကလဲ ရာထူးတွေကြီးလေတော့ မေမေကလဲ နတ်ကတော်ကနေ ကတော်ကြီးဖြစ်လာတာပေါ့။ ခုဆို ကတော်ကနေ ကတော့တောင်ဖြစ်နေပြီမောင်။ အလကားရတာတွေ အစားများပြီး အပေါ်ဝပြီးအောက်ရှုံးသွားလိုက်တာ ကတော့ထောင် ထားတဲ့အတိုင်း။ အဲဒီမှာတင်မေမေက ငယ်စဉ်ကသူမကမြင်းခဲ့သမျှ ဖေဖေ့ပိုက်ဆံတွေဖြုန်းပြီး ကျွန်မကိုအတင်း ပိုးရှိတယ်။ ပိုးရှိတယ်နဲ့ တွန်းတင်နေတာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ပြောရဦးမယ်မောင်။

ဖေဖေက ရာထူးတွေကြီးလာတော့ ဘယ်ကဘယ်လိုရထားမှန်း မသိတဲ့ ပိုက်ဆံတွေကို အဖေ့ထက်ကြီးတဲ့ လူကြီးတွေသောက်မြင်ကပ်ပြီး စစ်တဲ့အခါပေါ်မှာစိုးလို့ လုပ်ငန်းပြဖို့စီစဉ်ကြတာပေါ့။

ဒီတော့နှစ်ယောက်လုံးက ဘာမှမလုပ်တတ်ဘူးလေ။ ဖေဖေက ဝန်ထမ်းဆိုတော့ လူလိုဘာလုပ်တတ်မှာလဲ စဉ်းစားကြည့်ဦး မောင်ရယ်။

ဖေဖေဆိုတာကလဲ အသက်နှစ်ဆယ်ကျော်ဘွဲ့ရပြီးတာနဲ့ဝန်ထမ်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့သူ။ မေမေဆိုတာကလဲ အချိန်ရတာနဲ့ နတ်ကဖို့လောက် စဉ်းစားနေသူ။ အခုတော့ အလကားရတဲ့ငွေတွေကို လုပ်ငန်းပြဖို့ ဆိုတော့ ခက်ခဲပြီပေါ့။

သူတို့ရဲ့အဖေအမေတွေ ကျွန်မရဲ့အဘိုးအဘွားတွေကလဲ ငမွဲတွေ။ ဒီလို ရုတ်တရက်ကြီး ငွေရလာတော့ 'ဘယ်ကရလဲ'ဆို ရှင်းပြရခက်ပြီပေါ့။ ဒီတော့လုပ်ငန်းတစ်ခုပြဖို့ အသည်းအသန်ကြိုးစားရပြီပေါ့။

ဒါပေမဲ့မောင်ရယ်။ မေမေက တောသူဆိုပေမဲ့ ငပွေးပဲ။ ဒီလောက်တော့လည်တာပေါ့။ သူ့ရွာသူပြန်ဆင်းသွားပြီး ရွာမှာဘာတွေ ထွက်သလဲရှာလိုက်တဲ့အခါ သူတို့ရွာက 'ဖက်'တွေထုတ်တာတွေ့ရတယ်လေ။

သိတယ်မဟုတ်လား။ ဖက်ဆိုတာ အင်ဖက်၊ တောင်ထန်း၊ ဓနိ၊ သက်ကယ်စသည်ဖြင့်ပေါ့။ အဲဒီဖက်တွေကိုမြင်တော့ မေမေက ရွာကဖက်တွေကို မြို့တက်ရောင်းဖို့အကြံရသွားတာပေါ့။

ဒါပေမဲ့ ရွာကထွက်တဲ့ဖက်တွေကို မြို့ကိုရောက်စေဖို့ အခက်အခဲရှိနေတယ်။

ရွာကရှိတဲ့လှည်းတွေနဲ့ ထွေလာဂျီတွေနဲ့ ဖက်တိုက်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူးလေ။

ဒါကြောင့် ရွာကဖက်တွေကို မြို့ကိုအဆင်အပြေနဲ့ မြန်မြန်ရောက်နိုင်ဖို့ ဖက်တင်တဲ့ကားတွေဝယ်ရတာပေါ့။

နောက်ပြီးပြောရဦးမယ်မောင်။

လုပ်ငန်းတစ်ခုကို တည်ထောင်ပြီဆိုတာနဲ့ လုပ်ငန်းနာမည်၊ ကုမ္ပဏီနာမည် ပေးရရွေးရတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ ယုံကြည်ချက်ကအစ ဘိုဆန်နေတဲ့မေမေက ဒီတစ်ခါတော့ ဗေဒင်မမေး၊ ယတြာမချေ၊ နတ်မကဘဲ၊ သူ့ယုံကြည်ချက်နဲ့ပဲ နာမည်ကို ရဲရဲတင်းတင်းရွေးခဲ့တယ်။ မေမေယုံကြည်ခဲ့တယ်။ မေမေ ဖြစ်ခဲ့တယ်။ မေမေအကြီးကြီးဖြစ်ခဲ့တယ်။ မေမေကန့်လန့်တိုက် ဖြစ်ခဲ့တယ်။ မေမေဖြစ်တော့ပြပြီပေါ့။ ကြည့်စမ်းမောင်၊ မေမေယုံကြည်ချက် ဘယ်လောက်ဘိုဆန်တယ်ဆိုတာ။ လူကသာ တောသူငပွေးနော်။ နာမည်ရွေးတော့ ဘိုလို Motherတဲ့လေ မေမေပြတ်သားခဲ့တယ်။ ယုံကြည်ချက်တွေ ဘိုဆန်နေတဲ့မေမေက တောသူဆိုပေမဲ့ သူ့ရဲ့ကုမ္ပဏီကို ဘိုလိုပဲMother မားသားလို့နာမည်ပေးခဲ့တယ်မောင်။

မေမေ မားသားလို့ဘိုနာမည်ကို ရွေးခဲ့တယ်။ မားသားဆိုတဲ့ နာမည်ကိုပဲ စာလုံးသွင်းရေးထွင်းစေခဲ့တယ်။

မေမေရဲ့ကားတွေမှာလဲ၊ အဲဒီကုမ္ပဏီLogo ဖြစ်တဲ့ မားသားဆိုတဲ့ စာတန်းကို အကြီးကြီးရေးထွင်းစေခဲ့တယ်။

ဒါကြောင့် ဒီနယ်တစ်လွှားမှာ အမေ့ကားဖြတ်သွားတိုင်း .

'မားသားဖက်ကား'

ဆိုတာ မသိသူမရှိလောက်အောင် ကျော်ကြားခဲ့တယ်လေ။

ဘယ်လောက်ထိ ကျော်ကြားခဲ့လဲဆို ပြည်တွင်းမှာသာမက ပြည်ပ နိုင်ငံခြားသားကြီးများကိုယ်တိုင်ကိုက မေမေ့ရဲ့လုပ်ငန်းကို အစွဲပြုပြီး .

'မားသားဖက်ကား၊ မားသားဖက်ကား'

ဆိုပြီး နှုတ်ဖျားကမချ တဖွဖွဖြစ်သည်အထိ ရေပန်းစားခဲ့တယ်မောင်။ ရေပန်းစားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ၅၆ အကြည်တော်

ဒါတွေဟာ မေမေရဲ့အောင်မြင်မှုတွေပဲမောင်။

ပြည်တွင်းသာမက ပြည်ပထိ အမည်ပေါက်အောင်လုပ်နိုင်ခဲ့တာ မေမေ့ရဲ့ အစွမ်းတွေပေါ့။

ဒါကြောင့် ပြောတာပေါ့မောင်ရယ်။

ကျွန်မက မော်ဒယ်တွေလုပ်နေဖြစ်နေပေမဲ့ မြို့သူမဟုတ်ဘူးမောင်ရဲ့။ ကျွန်မရဲ့အဖြစ်က ဟိုသီချင်းလိုပေါ့။ ကြားဖူးတယ် မဟုတ်လား။

'ကျွန်မပါမောင်ရယ်၊ မောင်ရေ၊ တလောကမေးကြသေးတဲ့ တောကငွေးမလေးပါလေ ဆိုလား'

ဟုတ်ပါတယ်၊ လူတွေ တလောကမေးနေကြသေးတဲ့ တောကငွေးမလေးပါမောင်။ တလောကမေးကြသေးတဲ့ တောက ငွေးမလေးပါကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါပဲမောင်၊ အရာရာကိုဦးဆောင်တတ်တဲ့ မေမေက သူ့ခေတ်က နတ်ပွဲလောက်မှာပဲ ပျော်ပါးခဲ့ရသူပေမဲ့၊ သူ့ရဲ့သမီး ကျွန်မကိုတော့ သူမကမြင်းခဲ့ရသမျှ အတိုးချပြီး ပိုးရှိတယ်စွပ်စွဲချက်နဲ့ အတင်းတွန်းတင်ခဲ့တာ မယ်သီခေါ်တဲ့ သီလရှင်ဘဝကာစ ဘတ်(စ်)စကားမယ်၊ လေယာဉ်မယ် ဟိုမယ်၊ ဒီမယ်အပြင် နိုင်ငံတကာထွက်ပြီး ပြိုင်ပွဲဟူသမျှ ဝင်ကမြင်းခွင့်ရတဲ့ လက်မှတ်ရ မော်ဒယ်တစ်ဦးလဲ ဖြစ်ခဲ့ပါပြီမောင်။

ပြည်တွင်းမှာသာမက ပြည်ပမှာပါ လူထုရင်အနူထခွင့်ရခဲ့တယ်လေ။

'ဟဲ့သမီး မနက်ဖြန်ရိုက်ကွင်းအတွက် ပြင်ရဦးမယ်လေ၊ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

## ၅၈ အကြည်တော်

တွေမြန်မြန်သိမ်း'

မေမေရဲ့အော်သံ။ အမှန်တော့ ရိုက်ကွင်းရယ်လဲ မဟုတ်ပါဘူး။ တစ်ခန်းစ နှစ်ခန်းစပါ။

ပြောရဦးမယ်မောင်။

အမှန်တော့ ဒီကအနုပညာလောကကို ဝင်ရောက်နိုင်ဖို့အတွက် မိန်းကလေးတစ်ယောက်အဖို့ လွယ်လှတာမဟုတ်ဘူးမောင်။

စဉ်းစားကြည့်လေ။ ဒီလောကထဲရောက်ဖို့အတွက် ဟုတ်သည်ရှိ မဟုတ်သည်ရှိ သင်တန်းတွေတက်ရ ပြိုင်ပွဲတွေဝင်ပြိုင်ရ၊ တစ်ခန်းစ နှစ်ခန်းစလေးပါဖို့ ပြောရဆိုရပေါ့။ ဒီအတွက် ကုန်ကျစရိတ်ဆိုတာ ကိုယ့်အိတ်ထဲကကိုယ် စိုက်ပြီးလုပ်နေရတာ၊ တော်ရုံပိုက်ဆံမရှိတဲ့ သာမန်မိန်းကလေးဆို လွယ်ပါ့မလားနော်။

ဆိုကြပါစို့ကွယ်။

ဇာတ်ကားတစ်ကားမှာ ဇာတ်ပို့တစ်ယောက်ကို သရုပ်ဆောင်ကြေးအများဆုံးမှ သိန်းဂဏန်းပေါ့။ ရိုက်ကွင်းပေါ်ဆင်း(န်း) များလေ အဝတ်အစားပိုပြီးများများကုန်တယ်လေ။ ခုခေတ်အဝတ်အစားဆိုတာလဲ သောင်းကျော်မှမပေးရင် လူရာဝင်လှတယ် မဟုတ်ဖူးလေ။ သူတို့ပေးတဲ့အနုပညာကြေးဆိုတာ အဝတ်အစားဖိုးတောင် မရှိတာ။ ဒီကြားထဲမိတ်ကပ်မာမီ၊ ဆံပင်ပြင်မပါ သေးဘူးပေါ့။

အဲဒါအားလုံးထည့်တွက်လိုက်ရင် အသစ်တစ်ယောက်အနေနဲ့ဆို သူတို့ပေးတဲ့ အနုပညာကြေးအပြင် ကိုယ်ကအိတ်စိုက်မှ ရတာမျိုးလေ။ ဒီတော့ တော်ယုံအခြေမခိုင်တဲ့ မိသားစုကဆို ဒီလောကထဲဝင်ဖို့ ဘယ်လွယ်ပါ့မလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်'သူကြီးအလှူရွာသားကောင်းမှု'ဆိုတာမျိုးတွေ အားတိုးနေရတာပေါ့။ ခေတ်အခေါ်တော့'စပွန်ဆာ'တဲ့။ အားလုံးကိုတော့ဆိုလိုတာတော့ မဟုတ်ပါဘူးကွယ်။ ဒါပေမဲ့ တော်ရုံလူဆို အဲဒီစပွန်ဆာအားမကိုးရင် လွယ်တာမှတ်လို့။

ပြောပါရစေတော့ အများပြောတဲ့ စပွန်ဆာဆိုတာ အခွံမာသီးလိုပဲ။ အကြောင်းမသိမှသာ နွှာရခက်တာမျိုး။ အကြောင်းသိရင် လွယ်လွယ်လေးလေ။

ကျွန်မတောင်မှ အဖေလူကြီး အလကားရထားတဲ့ ပိုက်ဆံတွေနဲ့ ကမြင်းခွင့်ရနေတာလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com





ပြောရဦးမယ်မောင်။ လူတချို့ကပြောတယ်။

‘နင်တို့မော်ဒယ်တွေ မင်းသမီးအတော်များများဟာ ပီကင်းဘဲကင်တွေတဲ့’

အစကတော့ နားမလည်ဘူး။

‘ဘာလို့ပီကင်းဘဲကင်လို့ခေါ်လဲပေါ့နော်’

မာမီတစ်ယောက်ကိုမေးမှ မဲ့ကာရွဲ့ကာနဲ့ . .

‘အဲဒါ၊ အောလီတွေစကားပါဟယ်’



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ အောလီဆိုသည်မှာ အခြောက်စကားဖြစ်ပါသည်။ အခြောက်များသည် ယောကျ်ားလေးများကို အဆင့်ခြောက်ဆင့်ခွဲ၍ သတ်မှတ်ထားကြသည်။ ထိုအထဲမှအဆိုးဆုံးသူများကို အခြောက်များက အောလီဟု သတ်မှတ် ခေါ်ဝေါ်ကြသည်။

ဤကားစကားချုပ်။ မယုံသူများ နီးစပ်ရာအခြောက်များထံတွင် စုံစမ်းနိုင်သည်။

ကျွန်မကဉာဏ်ပုတယ်လေ။ ဉာဏ်ရည်မမြင့်တာပေါ့။ ဉာဏ်ရည်ပုပုလေး။

ဒါနဲ့ပဲ . .နားမလည်နိုင်ဘဲ .

'ဘာလို့၊ ကျွန်မတို့ကို ပီကင်းဘဲကင်လို့ခေါ်တာလဲ'

ဆိုတော့ မာမီကမဲ့ရွဲ့ပြီး .

'အောင်မလေး၊ မပြောလိုက်ချင်ဘူး။ ပီကင်းဘဲကင်ရဲ့ဘဲတွေ ဘယ်မှာမွေးလဲ'

'ဒီမှာပဲ မွေးတာလေ'

'အဲဒါပြောတာပေါ့၊ ပီကင်းဘဲကင်ဆိုတာ ဒီကဘဲတွေပဲ။ ဒီမှာပဲမွေး ဒီမှာပဲကြီးပြီး သေပြီးအကင်ဖြစ်မှ ပီကင်းဘဲကင်ဆိုပြီး နာမည်ဖြစ်သွားကြတာ မဟုတ်လား'

'ဟင်၊ အဲဒါ ကျွန်မတို့နဲ့ဘာဆိုင်လို့လဲ'

ကျွန်မကဉာဏ်ပုတာလေ။ ဉာဏ်ရည်မမီတာပေါ့။ သူ့အပြောတာမစဉ်းစားတတ်ဘူးပေါ့။ အဲဒါကို မာမီက သူ့လက်ခုံကိုနှက်ဖဝါး ပေါ် တဖျတ်ဖျတ်ရိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

## ၆၂ အကြည်တော်

'အောင်မလေး၊ မင်းသမီးတွေလဲ ဘာထူးလို့လဲ'

'ဟင်၊ ဘာဖြစ်လို့'

'မင်းသမီးတို့ကရော ဘယ်မှာမွေးလဲ'

'ဒီမှာပဲမွေးတယ်လေ'

'ဘယ်မှာကြီးလဲ'

'ဒီနေရာ၊ အဲလေ။ ဒီမှာပဲကြီးတာပေါ့။ ဘာဖြစ်လို့လဲ'

'အေးလေ၊ မင်းသမီးတို့လဲ ဘာထူးလို့လဲ၊ ဒီမှာပဲမွေး၊ ဒီမှာပဲကြီးပြီးမှ အိမ်ထောင်ပြုတဲ့အခါမှ နိုင်ငံခြားကလူတွေနဲ့ ယူကြတာပဲ၊ ဘာထူးလဲ ဒီမှာမွေး၊ ဒီမှာကြီးပြီးသေမှ ပီကင်းဘဲကင်ဖြစ်သွားတာနဲ့'

'ဟမ်'

မာမီပြောတော့လဲ ဟုတ်သလိုပါပဲမောင်ရယ်။ ကျွန်မတို့ဆီက မော်ဒယ်တွေ၊ မင်းသမီးအတော်များများ (အားလုံးမဆိုလိုပါ) နိုင်ငံခြားကလူတွေနဲ့ အတော်များများ အကြောင်းပါကြတယ်မဟုတ်လား။

ဒီမှာပဲမွေး ဒီမှာပဲကြီး၊ ဒီမှာပဲနာမည်ကြီးပြီးမှ၊ ယူတော့နိုင်ငံခြားကသူတွေနဲ့ချည်းပဲ အတော်များများ ယူခဲ့ကြတာ မဟုတ်လား။ ဒီတော့၊ ဒီမှာပဲမွေး၊ ဒီမှာပဲကြီးတဲ့ဘဲ၊ အကင်ဖြစ်ခါမှပီကင်းဘဲကင်ဆိုပြီး နာမည်ရသွားသလိုပေါ့။ ဒါဆိုကျွန်မတို့နဲ့ ပီကင်းဘဲကင် ဘာထူးသေးလို့လဲမောင်။

ဒါတွေကလဲ ဒီလိုပဲပေါ့မောင်ရယ်။ ဒီလောကမှာနေ၊ ဒီလောကမှာ အတူလုပ်ရှား အတူသွားအတူနေဆိုတော့ တစ်ယောက် အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ သူဘယ်လိုအနေထခဲ့၊ ကိုယ်ဘယ်လိုအနေထခဲ့လဲ သိကြပြီး ဘယ်လိုလုပ်စိတ်ဝင်စားနိုင်တော့မှာလဲ။

ဒီတော့ကိုယ့်အကြောင်းလဲသိပ်မသိ၊ နာမည်လေးလဲ ကြီးနေလေတော့ အထင်ကြီးကြတဲ့ နိုင်ငံခြားကလူတွေနဲ့ပဲ ညိကြလေတာပေါ့။

ဟိုကတွေကလဲ သာမန်လူတွေနဲ့စာရင် လူချင်းတူပေမဲ့ အနေချင်းမတူတဲ့ မော်ဒယ်မင်းသမီးတွေ စိတ်ကူးယဉ် ရွေးချယ်ကြတာ မထူးဆန်းဘူးလေ။

ဒါကြောင့် ပြည်တွင်းမှာသာ အသာအောင့်ထား ပြည်ပရောက်တာနဲ့ ရည်းစားက ရပြီသားပေါ့ကွယ်။ ရပြီးသားပေါ့။ စပ်ပေးတဲ့ ပွဲစားတွေလဲရှိတယ်မောင်။ မယုံမရှိနဲ့။

နိုင်ငံခြားနေသူ အလုပ်လုပ်နေကြသူတွေဆိုတာကလဲ ကိုယ့်လူမျိုးအချင်းချင်းတွေရင် အကြီးအကျယ်ပျော်ကြတာပဲလေ။ ဒီလိုနာမည်ကြီး မော်ဒယ် မင်းသားမင်းသမီးဆိုရင် ဘာရယ်မဟုတ်။ ဘာရယ်သိပ်မသိပဲ အရူးမူးဖြစ်ကြတာ မထူးဆန်းဘူး ပေါ့ကွယ်။

ဒီတော့ ကျွန်မတို့ဟာလဲ ပီကင်းဘဲကင်ဘဝကို ရွေးချယ်တာ သိပ်တော့မထူးဆန်းပါဘူးလေ။ ဒါကြောင့်ကြုံးဝါး သံလေးနဲ့ပြောပြလိုက်ချင်သေး။

'နိုင်ငံတကာပျော်စရာအစီအစဉ်၊ ကျွန်မတို့ဟာ ပီကင်းဘဲကင်'

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ပြောရတာအားမရသေးလို့ ကျွန်မသောက်ဖောင်းဆက်ထုပါရစေ ကွယ်။

ကျွန်မတို့ဘဝမှာ နာမည်ကြီးတစ်ယောက်ဖြစ်ဖို့ မော်ဒယ်တွေမယ် တွေအပြင် အမှိုက်လိုက်ကောက်ပြီး ပရဟိတပြနေရုံနဲ့ မပြီးဘူးကွယ်။ ခုနလို ပီကင်းဘဲကင်ဖြစ်ဖို့ နိုင်ငံခြားက ဖိတ်ခေါ်ခံရဖို့ သီချင်းလဲဆိုထား ရတယ်မောင်။ သီချင်းလဲ ဆိုထားရတယ်။

ဒါမှလဲ ဘက်စုံက ဘယ်လိုအကြောင်းနဲ့ပဲခေါ်ခေါ် ကိုယ်ပါနေရမှာ ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ကျွန်မတို့လိုညာ ဇာရည်ပုပြီး၊ ရုပ်ရည်နဲ့ ပိုးရှိသူသုံး ယောက်စုပြီး အဖွဲ့ဖွဲ့၊ သီချင်းမဆိုတတ်ဆိုတတ်နဲ့ ဆိုကြရတာပေါ့။ ဒါမှလဲ နိုင်ငံခြားထွက်ဖျော်ဖြေလို့ရမှာလေ။

ပြောပါရစေတော့။ ဒါတွေကို အမြော်အမြင်ရှိတဲ့ မေမေက ကျွန်မ ငယ်စဉ်ကတည်းက ရည်ရွယ်ချက်ကြီးကြီးနဲ့ မိုက်ခွက်ဝယ်လာ ပေးတယ်လေ။ အရင်ကဆိုရင်၊ ပြောင်းဖူးရိုးတောင် အဖျားကစ စားလာသူတွေဆိုတော့ အဲဒီမိုက်ခွက်ကြီးမြင်တော့ ဘယ်ကစစား အဲလေ။ ဘယ်ကစဆိုရမှန်းကိုမသိဘူး။ သူကပြောင်းဖူးလိုပဲ အရှေ့ ကအတတ်၊ အနောက်ကအရှူးဟာကို။ အရှူးကကြိုးပါတော့ အဲဒီ နေရာမဟုတ်မှန်းသိခဲ့တယ်။ မိုက်ကိုစမြင်ဖူးတုန်းက ပြောင်းဖူးလိုအမွေး တွေမပါလို့ 'ခ်ိ' ခနဲခိုးရယ်မိသေးတယ်မောင်။ အဲဒီကစပြီး ကမ္ဘာမကြေ တောင် ယောင်ဝါးဝါးလုပ်ပြီး ကျောင်းပြီးလာသူက လာသမျှ သီချင်းတွေ ဝါးချလာရတာပေါ့။

'မီးသေးရှောင်မလောင်ခင်တား'ကအစ 'မောင့်အချစ်မြားစူးအလယ်' ခေတ်ပေါ်သီချင်းအဆုံး တပြုံးပြုံးနဲ့ ဆိုကရတော့တာပေါ့။

ဒီလိုနဲ့ အရွယ်ရောက်လာ မော်ဒယ်ဖြစ်လာလေတော့၊ ဘဝတူ မော်ဒယ်သုံးလေးယောက်စုပြီး သီချင်းလဲဆိုရတော့တာပေါ့။ အဲဒီကစပြီး

'ဟင်း၊ ဟင်း၊ သမီးကတော့သီချင်းဆိုR'N'Bပဲ ဟင်းဟင်း'

ဆိုပြီးR'N'Bကနေ ပါးစပ်ဖျားမချ နေခဲ့ရတယ်လေ။ အမှန် တော့R'N'Bဆိုတာဝေးလို့ အဖေအလကားရတဲ့ army ကိုတောင် စေ့စေ့ကြည့်ဖူးတာရယ်မဟုတ်ဖူး။ နိုင်ငံခြားကဖြစ်တR'N'Bဆိုက ဘယ်လိုသိမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအားအားရှိသမျှ မိုက်ခွက်ထဲ အာငွေ့မှုတ်ထည့်ပြရင်း သူများ Rရင်လိုက်Rသူများ Nရင်လိုကNရင်းR'N'Bအဆိုတော်မ ဖြစ်လာခဲ့တာပေါ့။

'သမီးကတော့ သီချင်းမှာဆိုR'N'Bသိပ်ကြိုက် ခစ်ခစ်'

ခက်တာက တကယ်တမ်းအသံသွင်းတဲ့အခါ လူစုထားတဲ့ ကျွန်မတို့ ရည်ရွယ်ချက်တူမော်ဒယ်သုံးယောက်ရဲ့ အသံတွေအားလုံး ပေါင်းမှ မွေးကင်းစကလေးငယ် လေလည်သလောက်တောင် ထွက်မလာဘူးလေ။

ဒီကြားထဲ ဟိုတစ်ယောက်က ကီးကြောင် ဒီတစ်ယောက်က တိုင်ပင်ကျိုး၊ နောက်တစ်ယောက်က စာသားမေ့မို့ ဘယ်လိုမှရှေ့ဆက်လို့ မရနိုင်ဘူး။

ဒီလိုနဲ့သုံးယောက်သား ဗျာများနေကြချိန် လူရည်လည်တဲ့မေမေက ဝင်ဖြတာပေါ့။

'ဟော့၊ ငါ့သမီးက Hip hopပဲဟော့'

ထအော်လိုက်မှ အားလုံးလှုပ်လှုပ်ရွရွဖြစ်ကုန်ကြတယ်။ အဲဒီတော့မှ အားလုံးအကြံရပြီး ဝတ်စားတဲ့ ဘောင်းဘီပွ ပေါင်ကွဆွဲလိုဆွဲ၊ ဆောင်းထားတဲ့ဦးထုပ် နောက်ပြန်စွပ်သူစွပ်ပြီး . .

'ရှိရှိ ဒါဆိုကျွန်မလဲ Rapp '

'ကျွန်မလဲ Rhyme တွေရွတ်မယ်၊ ကင်းမွန်၊ ကင်းမွန်၊ ပုဇွန်ထုပ်၊ ပုဇွန်ထုပ်' ဆိုပြီးဖြစ်ကုန်ကြရော။ '

ဟုတ်တယ်လေ Melody ဆိုဖို့ တော်ရုံပါရမီနဲ့မရလေတော့၊



www.burmeseclassic.com

www.burmeseclassic.com



Rapလို့ခေါ်တဲ့ စာသားချည်း ရွတ်ရတဲ့ Rap ကိုရွေးချယ်ရင်း အားလုံးသောသူအပေါင်း Rapကြတော့တာပေါ့။

ဒီကြားထဲ စင်ပေါ်ရောက်လို့ ကိုယ်တစ်လုံးမှမဆိုတတ်ရင် ပရိသတ်ဖက် မိုက်ခွက်လှည့်လိုက်ရင် 'သူ့ဖာသာသူဆိုကြ၊ ကိုယ်မိုက်ဆံရပြီးပြီပေါ့။

ဒီလိုစားပေါက်ချောင်တဲ့အလုပ်မို့ အားလုံးငြင်းကုန်ရရော။

'ဟော၊ ငါ့အရင်ပြောတာဟော့၊ ငါ့သမီးRapပဲ'

'ဩော်သူတောင် Rapရင်ကျွန်မသမီးလဲRapပဲ ရှီး ရှီး လာထား'

'အဲဒါဆိုကျွန်မ သမီးကပိုတောင်Rap သေး၊ ကင်းမွန် ကင်းမွန်၊ ရေဘဝဲ ရေဘဝဲ၊ ပင်လယ်စာဆိုမှာထား၊ ရှီး ရှီး'

စသည်ဖြင့် မိခင်များစကားထများပြီး ဂုဏ်တုဂုဏ်ပြိုင်တွေ ဖြစ်ကုန်ကြတော့တာပေါ့။

'အောင်မာ နင့်သမီးRap ဆိုရအောင် နင့်သမီးက ကာရံဘယ်လောက်သိလဲ ဗေဒပျံကဗျာတောင်ဖတ်ဖူးရဲ့လား'

'ဟော့၊ ဒီခေတ်မှာ ဗေဒါပျံသိစရာမလိုဘူး။ နင်တို့ကရော ကော်ဇော်ပျံသိလို့လား၊ အဲလိုဖြစ်သလိုပဲမေးလိုက်မယ်။ ရှီးရှီး ကင်းမွန် ကင်းမွန်'

'ဟော့၊ ဗေဒါပျံတွေ ကော်ဇောပျံတွေ လုပ်မနေနဲ့ ရှင်တို့ကရော Rapဆိုမယ်ဆိုတော့ ဂေါ်ကြီးသိလား၊ ဂေါ်ကြီး'

'ဘာလဲဂေါ်ကြီး၊ မကြားဖူးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'Rapအဆိုတော်လား၊ ရဲလေးတို့စနဲ့တို့ပဲသိတယ်၊ ဂေါ်ကြီးတော့ မသိဘူး'

'အေးမသိရင်မှတ်ထား၊ ဂေါ်ကြီးဆိုတာ ဂေါ်ပကကိုပြောတာဟဲ့ မှတ်ထား '

'တေဇော်ပန်းမ၊ ပရုပ်ဆီမ Rapသီချင်းဆိုတာနဲ့ ဂေါ်ပကဘာ ဆိုင်လို့လဲ သေနာမရဲ့'

'အို၊ ဒါလဲဗဟုသုတပဲမှတ်ထား၊ ဂေါ်ကြီးဆိုတာ ဂေါ်ပကကိုပြောတာ။ ဂေါ်ပကတောင်မသိပဲ Rapမဆိုနဲ့'

'နမဆပ'

'ဟဲ့ကောင်မ မဆဲနဲ့'

'ဟဲ့ဆဲတာမဟုတ်ဘူးဟဲ့၊ နမဆပ ဆိုတာ'နောက်မှ ဆက်ပြော' လို့ပြောတာ။ မသိရင် အင်တာနက်လေးဘာလေး လှန်လှောကြည့်ဦး'

'ဗဟုနဲ့သုတရအောင်'

'ဟဲ့ ဂေါ်ကြီးတောင်မသိတဲ့ နင်တို့အဖွဲ့နဲ့ ငါ့သမီးမပေါင်းနိုင်ဘူး ခွဲတယ်'

'အောင်မာ နင်တို့ကခွဲတယ်ဆို ငါ့သမီးက နဂိုကွဲကွဲဟာ'

'အောင်မာ နင်တို့ချည်းပဲမဟုတ်ဘူး ကွဲတဲ့နေရာမှာ ငါ့သမီးက အိမ်ထောင်သုံးဆက်ကွဲပြီးမှ အပျိုပြန်ဖြစ်တာ ကွဲတာမထူးဆန်းဘူး ကွဲတယ်။ ကွဲတယ်'

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပေါ့မောင်ရယ်။ မစခင်ကတည်းက ကွဲနှင့်တာပေါ့။

သမီးတွေကလဲ ဘာမှမတတ်တော့ အမေတွေကလဲမလျှော့နိုင်ဘူးလေ။

ဒီလိုနဲ့ မဖွဲ့ခင်ကတည်းကကွဲကြလို့ နောက်တစ်ဖွဲ့ပြောင်း ရပြန်တယ်လေ။

နောက်တစ်ဖွဲ့က ကျွန်မနဲ့ကိုက်တယ်မောင်။

အကနဲ့ပတ်သက်ရင်တော့ ကျွန်မကပြောစရာမရှိဘူး။ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတော့ ငယ်ငယ်ထဲကကမြင်းခဲ့သမျှ အတိုးချခါချလို့ရတာကိုး။

အကနဲ့ပတ်သတ်ပြီး ကျွန်မဘယ်လောက်ထူးချွန်သလဲဆိုတာ ပြောပြ မယ်မောင်။ ကြွားတာမဟုတ်ပါဘူး။ အဖြစ်မှန်ပါ။

တစ်ခါသား မေမေနဲ့လိုက်ပြီး နတ်ပွဲသွားတာ။ ကိုယ်ကတော့ မော်ဒယ် မင်းသမီးပေါက်စဆိုတော့ မကဘူးပေါ့နော်။ ပေါင်ကြားလက် ဖွက်ပြီး ကြိတ်ခြေနေတာပေါ့။ အဲဒါပရိသတ်များက အတင်းကခိုင်းတာ။ အားလုံးပွဲတောင်းတာနဲ့ မေမေကလဲပြောပြီပေါ့။ 'လုပ်ထည့်လိုက်စမ်း ပါသမီးရယ်။ အားလုံးမျက်လုံးပြူးအောင်'ဆိုတော့ မထူးပါဘူး ကမြင်းပြလိုက် မယ်ဆိုပြီး ဝင်ကမြင်းပြလိုက်တာ။

အဆိုတော်မျိုးကြီးရဲ့'အိမ်ပြန်ချိန်တောင်မသိတော့ဘူး' သီချင်း တီးခိုင်းပြီး ဝင်ကမြင်းပြလိုက်တာ ဘယ်ရမလဲ။

'ဟာ အမေဂျမ်း အိမ်ပြန်ဖို့လမ်းစရိတ်ပြတ်ပြီထင်တယ်။ ဝိုင်းလှူ ကြဦး'

ဆိုပြီး ရလိုက်တဲ့လမ်းစရိတ်။ အမေဂျမ်းတောင် မျက်လုံးပြူးယူရ တယ်လေ။

ကျွန်မလဲ ကမြင်းကောင်းကောင်းနဲ့ကမြင်းပြလိုက်တာ . .

ဘယ်လောက်ထိလဲဆို၊ နာမည်ကြီးအခြေခံဝင်နေတဲ့ ဦးမင်းကျော်တောင်နံဘေးနားဆောင့်ကြောင့်ထိုင်ပြီး ပါးစပ်အဟောင်း သားနဲ့ ကျွန်မကိုကြည့်

'ကြောင်ကရာ'

ဆိုပြီး တစ်လုံးပဲအော်နိုင်တယ်လေ။ အခြေခံက သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရေပြန်တောက်ကြည့်ရတယ်။ စိုလိုစိုညားပေါ့မောင်ရယ်။

အခြောက်တောင် ပြန်စိုလိုစိုငြားရေပြန်တောက်ရလောက်အောင် ရွှမ်းတဲ့အက မောင်တို့တစ်သက် မြင်ဖူးမယ်မထင်ဘူးလေ။

သိတယ်မဟုတ်လားမောင်။ ကျွန်မတို့က အသက်ကိုအရှက်နဲ့ လဲသေးတာလေ။ ဘာဖြစ်ဖြစ် အသက်ရှင်ပြီးရော။ လူထူရင် အနူထတယ်လေ။

အစတည်းက ဆတ်ဆလူးပါဆိုနေမှ။ ဆတ်ဆလူးကိုနတ်ပူးခိုင်း တော့ စဉ်းစားသာကြည့်။

ဆတ်ဆလူးနတ်ပူးတော့။ အရင်နတ်ကတော်အခြောက်တောင် ရေပြန်တောက်ပြီး . .

'ကြောင်ကရော'

တစ်လုံးပဲ အော်နိုင်တော့တာပေါ့။

မူးချင်လို အရက်သောက်နေတဲ့ ဦးမင်းကျော်တောင်၊ ကျွန်မရဲ့အက ကိုမြင်တော့၊ ပုလင်းခါးထိုးပြီး ရိုလာကိုစတာ သွားစီးနေလေရဲ့။ ပိုမူးအောင်တဲ့လေ။

သိတယ်မဟုတ်လား ကျွန်မတို့က အနူထရင်မရတော့ဘူးလေ။

ဒီလိုနဲ့ အဆိုအကအဖွဲ့လေး ထူထောင်ပြီး ဘာကြာမှာလဲကွယ်။ ကွဲကြပြန်တာပေါ့။

လင်ကောင်းတစ်ယောက်ရရုံနာမည်ကြီးချင်သူ။ ကမြင်းချင်သလို ကမြင်းခွင့် ရဖို့နာမည်ကြီးချင်သူ။ ဂယောင်ဂယင်နဲ့နာမည် ကြီးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာဆက်လုပ်ရမှန်းမသိသူတွေဆိုတော့ ကွဲကြပြန်တာပေါ့။

ဒါပေမဲ့ ကျွန်မအတွက်ကတော့ ပီကင်းဘဲကင်ဖြစ်ခွင့်ရဖို့ လက်မှတ်တစ်စောင် ပွဲစားတွေလက်ထဲ ရောက်ရှိသွားလေတော့တာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကတော့ ဂယောင်ဂယင်ပါပဲကွယ်။

ဘာလုပ်လုပ်အဆင်ပြေတဲ့ခေတ်ကြီးမှာ လူတစ်ကိုယ်စာဝင်ပေါက် ကိုယ်တိုင်ဖန်တီးနေရတာ လွယ်လှတယ်တော့ မဟုတ်ဖူးကွယ့်။

'ဟာ၊ ဟိုအနောက်ကကောင်မလေး၊ လမ်းဘယ်လိုလျှောက်နေလဲ၊ ဒီမှာအရှေ့ကသရုပ်ဆောင်မယ့် မင်းသမီးတွေ မင်းသားတွေ အနှောင့် အယှက်ဖြစ်တယ်'

'အဲဒီတော့ ကပြရမှာလား'



www.burmeseclassic.com

www.burmeseclassic.com

## ၃၄ အကြည့်တစ်ချက်

'ကလေ'

ဆွဲတာပေါ့မောင်ရယ်။ ခွင့်သာပေးရင် နေရာရွေးတယ်မှ မဟုတ်တာ။

ဒီလိုပါပဲမောင်ရယ်။ မော်ဒယ်သရုပ်ဆောင်ဆိုတာကလည်း ဖြတ်လျှောက်လာကြတာပဲလေ။

အမှန်တော့ အရှေ့ကမင်းသမီး သူ့ဘာသာအတင်းတုတ်လို့မပြီးသေးတာပါ။ ဒါကို ဒါရိုက်တာက အရှေ့ကမင်းသမီး တိုက်ရိုက်မပြော ရဲတာမို့ နောက်ကကျွန်မတို့လို ဖြတ်လျှောက်တွေကို ရမယ်ရှာတာပေါ့။

ဒါပေမဲ့ပေါ့မောင်ရယ်။ ကျွန်မတို့ဘဝတွေဆိုတာ မအောင်မြင်ခင်မှာ မျောက်ထက်ဆိုးတယ်လေ။

ရသမျှသစ်ကိုင်းကို လက်တွေခြေတွေနဲ့ ချိတ်ရုံမက အမြီးနဲ့ဆွဲသွားနဲ့ကိုက် စသည်ဖြင့် ရသမျှမှီတွယ်နေရလေရဲ့။

မော်ဒယ်ဆိုလဲကျွန်မပဲ၊ မယ်ဆိုလဲကျွန်မ၊ မင်းသမီးဖြတ်လျှောက်၊ အဆိုတော်ရိုးရိုး၊ အစုံရတဲ့ ပလုံစီထလေးတွေပါကွယ်။ ပလုံစီထလေးတွေပါ။

ကိုင်းကြီးကြီးဆွဲတဲ့အထဲမှာ မျောက်တောင် ကျွန်မတို့ပလုံစီထလေးတွေ လောက် စုံမယ်မထင်ပါဘူးကွယ်။

'ဟော့ ဟော့၊ အနောက်က ကနေတာ တော်တော့၊ တော်တော့'

'တော်ပြီလား ၊ အဲဒီတော့ကပြရမှာလား'

'တော်ပြီ၊ တော်ပြီ၊ ဆက်ရိုက်မယ်၊ ခုနကနေရာပြန်ယူ ပြီးစို'

စိတ်ရှိလက်ရှိ ကပြလိုက်တာ ဖင်ကြောပါတင်တယ်မောင်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုချင်တာက ဒီလောကမှာ နာမည်ရသွားရင် လုပ်ချင်တာ လုပ်လို့တင့်တယ်ပေမဲ့၊ နာမည်မရခင်မှာတော့ လုပ်ခိုင်းတာလုပ် နေရတာ လေ။

နာမည်မကျော်ခင်မှာ၊ ကျော်အောင်ကြိုးစားရပေမဲ့၊ တကယ်နာမည် ကျော်သွားရင် နန့်ပြုံနဲ့ငွေရတော့တာပေါ့။

ဒါပေမဲ့မောင်ရယ်။ ယုံကြည်ချက်တွေဘိုဆန်ဖို့ကျွန်မကအင်္ဂလိပ် မှမဟုတ်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းပြောရင် ယုံကြည်ချက်တွေ ဘိုဆန်ဖို့မပြောနဲ့ ရုပ်ရှင်ဂီတမှာအားနည်းပေမဲ့ ကျွန်မကစာပေမှာထူးချွန်တယ် မောင်။

စာပေမှာထူးချွန်တယ်ဆိုလို့ ကျွန်မကကျောင်းစာမှာ ထူးချွန်ခဲ့တာမဟုတ်ဘူးလေ။ ဘာသာတိုင်းကို လေးဆယ်ပျော့ပျော့နဲ့ပဲ အောင်ခဲ့တဲ့ကျွန်မ၊ ကိုယ့်ကိုကိုယ် ပါရမီရှိမှန်းမသိခဲ့ဖူးပါ။

ဒါပေမဲ့မောင်ရယ်။ လူကလဲအားယား၊ အင်တာနက်ပေါ်မှာ COCကစားရင်း . .

'ပုံတင်မယ်ညော်၊ ညက်စေ့နောက်ရဘူး၊ ဒုချိ ဒုချိ'

လုပ်နေရာကနေ တစ်နေ့တော့စိတ်ကူးပေါက်ပြီး ကဗျာတစ်ပုဒ်ရေး



www.burmeseclassic.com

www.burmeseclassic.com



မိတယ်လေ။ အဲဒီကဗျာက . .

'ချစ်ရင်လဲပြုံး

မုန်းတော့ကလော်

ထော်ထော်နှုတ်ခမ်း

ဘယ်သူနမ်း'

ဆိုပြီးနှုတ်ခမ်းထော်ထားတဲ့ ကျွန်မ ဒုချိ ဒုချိနဲ့ တင်လိုက်တာ ရလိုက်တဲ့ Likeမောင်ရယ်။ တချို့ဆို . .


'မင်းသမီးမလုပ်ပါနဲ့တော့ ကဗျာပဲရေးပါတော့လား'

'ဟတ်ထိတယ်သမီးရယ်'

'ကဗျာလေးက တိုတိုလေးနဲ့ထိတယ်နော်'

'အားပေးနေမယ်သိလား ဆက်ရေးညော်'

စသည်ဖြင့် ပေးလိုက်တဲ့ Comment ။ ကျွန်မလဲ အဲဒီထဲက ကဗျာပိုးဝင်သွားတာပေါ့။ အဲဒီကစ . .



ဘိုထိုင်

ဖုံးအုပ်'မ'တင်

ခါးကိုလိမ်ကျစ်

မေ့သားမောင်ခွေခွေအစ်ကို

အားရအောင်ညှစ်။ ။



www.burmeseclassic.com

www.burmeseclassic.com



လို့ရေးလိုက်ရင်လဲ ပရိသတ်များက . .

'ဟယ် ကဗျာဖတ်ရတာ အနံ့လေးကိုသင်းလာအောင် ခံစားရတယ်'

'ကာရန်လေးနဲ့ညစ်တော့ ပိုထွက်တာပေါ့။ အားပေးတယ်ညီမ'

'ချချ အားပေးတယ် ချချ'

'ညယေးက ဒါလဲတတ်တာပဲညော်'

စသည်ဖြင့် အားပေးကြလေတော့ မာန်တက်ပြီပေါ့။ အဲဒီတော့ ကျွန်မကလဲ . .

'ဟင်းဟင်း၊ ဒီလောက်မဟုတ်ပါဘူး'

'ကြိုးစားတုန်း ခိခိ'

'အားပေးတဲ့အတွက်ကျေးကျေး'

စသည်ဖြင့်အာပြန်ချောင်ရတာပေါ့။ ဒီလိုနဲ့အင်တာနက်ပေါ် Like တွေဖောချင်းသောချင်းဖြစ်လာလေတော့၊ တစ်နေ့ကိုကဗျာ တစ်ပုဒ်နဲ့ ပုံတင်ရတာပေါ့။


'နတ်စင်ပြောင်ပြောင်၊ ဝမ်းခေါင်ခေါင်

တောမီးလောင်နေသည်

ဥညဆွဲသံခွေးအူသံ

ပြောင်းဖူးခင်းဖက်မှာ

ဥည ဥည . .





www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုက်တာနဲ့

'ဟယ် သမီးက မော်ဒန်လဲရတာပဲ'

'စာသားကသိပ်မြင့်လို့ မနည်းစဉ်းစားလိုက်ရတယ်။ သိပ်ကောင်းတယ်ညလေး'

'နွေရာသီကို ဉဩတစ်ခုထဲနဲ့ ဖော်ပြလိုက်တာ သိပ်ပီပြင်တာပဲ'

'အပေါ်ဉဩနဲ့ အောက်ကဉဩ အဓိပ္ပာယ်ခွဲပြသွားတာ သိပ်ပီပြင်တာပဲ'

'တောရွာသဘာဝ ပီပြင်ပါပေတယ်'

ကိုယ်တောင်အဓိပ္ပာယ်မသိဘဲ ရေးခဲ့သမျှကို သူတို့ဖာသာသူတို့ အဓိပ္ပာယ်ဖွင့် ချီးမွမ်းနေတာလဲ . .

'အဟင်းဟင်းပေါ့နော်၊ ခစ်ခစ်ပေါ့နော်'

စသည်ဖြင့် လုပ်နေရတော့တာပေါ့။ ကဗျာနဲ့ ပျော်မွေ့နေတဲ့တစ်နေ့မှာ တစ်ယောက်က . .

'ညလေးကဗျာ အားပေးနေတဲ့ ပရိသတ်ပါ ဒါနဲ့ညလေးက ဘယ်ကဗျာဆရာတွေ အားကျလဲဟင်'

ဆိုပြီးလာမေးတာနဲ့ ကိုယ်ကလဲ ပရိသတ်ရှေ့မို့မာန်တက်ပြီး . .

'ဟင်းဟင်း မီးက သူများကဗျာတွေ စာတွေမဖတ်ဘူးသူများ Idea တွေကူးမှာစိုးလို့ ရင်တွင်းဖြစ်တွေပဲရေးတယ် ငိငိ'

'ဟင်၊ စာမဖတ်ဘဲစာရေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ဆင့်'

'သကျိုးမ၊ စာမဖတ်ဘဲစာရေးရအောင် နင်ကဘာအဆင့်လဲ'

တစ်ယောက်စလိုက်တာနဲ့. .

'အဲဒီကောင်မ ငါကြည့်နေတာကြာပြီ၊ မော်ဒယ်ယောင်ယောင် မယ
ယောင်ယောင်နဲ့ ရေးလိုက်ရင် သောက်ဖောင်းချည်းပဲ၊ သူ့ကိုယ်သူဘာထင
နေတယ်မသိဘူး'

'ဟုတ်တယ်၊ ကဗျာအကြောင်း စာအကြောင်းနားမလည်ဘဲ
မော်ဒယ်ဆိုပြီး လာလုပ်စားနေတာ ကြည့်နေတာ အကောင်းမထင်နဲ့'

'နင့် ဖာသာနင်ဟို ဘက်မှာ ထဘီ ချွတ်ပြီးသွားဒွန့် ဖော
ဒီဖက်မှာတော့က ဗျာဆရာယောင်ယောင်နဲ့ လာမဒွန့်နဲ့ ခွန့်လိုက်မယ်'

စသည်ဖြင့် ဆဲတာဆဲတာမောင်ရယ်။ အရင် Likeထက် ဆယ်ဆ
တောင် ပိုများဦးမယ်။ ဝင်ဆဲကြတာမှ အလှူအိမ်ထဲ ခွေးဝင်ဆွဲ သလိုဲ
ပျော်စရာကြီး။

ဘယ်ကဆဲချင်လို့ မြှောက်ပေးနေကြမှန်း မသိပါဘူးကွယ်။ ဆဲတာ
ဆဲတာ မခံနိုင်လို့ အကောင့်ပြန်ဖျက်ပစ်လိုက်ရတယ်။

ဒီလိုနဲ့ကျွန်မရဲ့ ကဗျာဆရာမအိပ်မက် တစ်ခန်းရပ်ခဲ့တာပေါ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com





ဒီလိုပါပဲမောင်။

ကျွန်မတို့လူမျိုးက သူတို့ချစ်နေရင်တစ်ဆုံး မုန်းရင်တစ်ခါပါပဲကွယ်။

သူတို့ကမှချစ်နေရင် လုပ်ချင်ရာလုပ်။ သူတို့စိတ်ထဲမှာ

'ဟယ်၊ မလုပ်တတ်လုပ်တတ်နဲ့ လုပ်နေတာ ချစ်စရာလေး'

ဆိုပြီးလက်ခုပ်တီးအားပေးကြရဲ့။

အဲ . . .မုန်းပြီဆိုတာနဲ့ 'ဟင်' ဆိုရင်တောင် လှည့်မကြည့်ကြ တော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

## ၈၂ ဘကြည်ဝေက်

မင်းသားမင်းသမီးများကို ပရိသတ်ကချစ်စလိုက်ကိုက်ပြီဆို ဘာလုပ်လုပ်အကောင်းမြင်ကြတာပဲ။ အဲ . . .မုန်းပြီဆိုမှဖြင့် အလကားပေးရင်တောင် ဘယ်သူမှ မကြည့်တော့ဘူး။

'တော်ပါဟယ်၊ အချိန်ကုန်ခံပြီး အဲဒီအခွက် ထိုင်ကြည့်မနေနိုင်ဘူး'

အဲလိုဖြစ်ကုန်ရော။

မယုံမရှိနဲ့မောင်ရယ်။

'ချစ်တစ်ဆုံး မုန်းတစ်ခါ'

ဆိုတာ ကျွန်မတို့အနုပညာလောကမှာ ပေါ့မောင်။

ဒါကြောင့် မင်းသားအသက်တစ်မနက်၊ မင်းသားမင်းသမီးအသက်တစ်ရက်တွေ ဖြစ်နေကျတာပေါ့။ အခုခေတ်မှာ ဘယ်သူကများတစ်သက်ခံလို့လဲလေ။

ပြောရဦးမယ်မောင်

'ချစ်ရင်တစ်ဆုံးမုန်းတစ်ခါ'

ဆိုတာ ကျွန်မတို့အနုပညာလောကမှာ တင်မဟုတ်ဘူး။

လူကြီးမင်းများကိုတောင် ဒီလိုပါပဲ။

'ဟင်'ခနဲဆို ဘယ်တော့မှ ပြန်ချစ်တတ်ကြတော့တာ မဟုတ်ဘူး။ ဘယ်လောက်ကောင်းအောင်နေနေ အပစ်ပဲပိုမြင်တတ် ကြတယ်လေ။

အပစ်မြင်ပြီဆိုရင် အချစ်ပြန်ဝင်ဖို့စဉ်းကိုစဉ်းစားမနေနဲ့တော့ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင်





ယုံကြည်ချက်တွေဘိုဆန်ဖို့ ကျွန်မကအင်္ဂလိပ်မှမဟုတ်တာမောင်။

လောကတစ်ခုထဲ ဘုမသိဘမသိ ဝင်ရောက်ဖို့ဆိုတာ ပေါ့ပေါ့ရင်းနှီး ရတာမှ မဟုတ်တာ။

အနည်းဆုံး ကိုယ့်ပိုက်ဆံကိုယ်စိုက် မော်ဒယ်သင်တန်းတွေတက်၊ မဂ္ဂဇင်းတွေ ဂျာနယ်တွေမီဒီယာတွေမှာ ကြော်ငြာဖို့ ပိုက်ဆံကိုယ်စိုက်၊ ကိုယ့်ဓာတ်ပုံကိုယ်ရိုက်ပေါ့။ အင်တာနက်မှာလို ဆယ်ဖီရိုက်ပြီး ဒုချဒုချနဲ့ အလကားနီးပါး လုပ်လို့မှမရတာ။ နာမည်ကြီးမှသာ မနက်အိပ်ရာက လင်းတာနဲ့ ဖျာပေါ်မှာတင် ပိုက်ဆံကောက်တွေ့သလို၊ ပိုက်ဆံတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နားက ဘယ်လိုကောက်တွေ့နေမှန်းမသိအောင် ရနေပေမဲ့၊ တကယ်သစ်စလူတွေအတွက်ကတော့ မနက်အိပ်ရာထတာနဲ့ ဖျာပေါ်တင်ထားတဲ့ ပိုက်ဆံပျောက်သလို၊ ကုန်ပေါက်လဲ နည်းတာမှတ်လို့။

ခါတ်ပုံလေးရိုက်မယ်ဆိုတာနဲ့ ခါတ်ပုံဆရာအပြင်၊ ဒီဇိုင်နာ မိတ်ကပ် အတွက် မာမီစသည်ဖြင့် မနားရအောင် အငှားချရတယ် မဟုတ်လား။ ကိုယ့်ပိုက်ဆံပေးပြီးငှားပေမဲ့ သူတို့ကို ကိုယ်က ပြန်ပြီးကောင်းကောင်း မှန်မှန် ဆက်ဆံရတယ်လေ။ သူတို့ကို ကောင်းကောင်းမဆက်ဆံရင် သိတယ်မဟုတ်လား။

"အခြောက်ပါးစပ်၊ စက်သေနက်ထက်မြန်တယ်"

မာမီတွေပြောပါတယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင် ၁၅



ပြောရဦးမယ်မောင်။ ဒီလောကမှာ လူတွေက ခွဲခြားရခက်တယ်။ အားကောင်းမောင်းသန်ကြီး မြင်နေရပေမဲ့လဲ ခြောက်ချင်ခြောက်နေတာ။ ဆင်ကိုးစီးစားမကုန်တဲ့ပုံကြီးနဲ့လဲ နွံ့ချင်နွံ့နေတာ။

အဲ . . . တချို့ကလဲ ခြောက်တောက်တောက်ပုံမျိုး ဖမ်းထားပေမဲ့လဲ ဘူးချင်ဘူးတာ။ တချို့ကပြန်လဲ မျက်ခွက်ကြည့်တော့ ကြာနီကန်၊ သရမ်းတာကျ အာဆီယံပတ်နေတာမျိုးလဲရှိပါ့။

တချို့ကျပြန်လဲ ဘုရားဒါယကာလိုနဲ့ တအားဝါသနာပါသူတွေလဲ ရှိရဲ့။ ခြောက်သလိုနဲ့လဲ အတင်းကပ်လို့မဖြစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကန့်ကလျန့် အတည့်မသွားလို့ ဒဲ့ပွဲအောင်းဘီတောင် ဝတ်မခင် ဖြစ်သွားရမယ်လေ။

ယုံကြည်ဖို့ ဘိုဆန်ကြတာလေ။ ဒါပေမဲ့ ကျွန်မက အင်္ဂလိပ်မှ မဟုတ်တာမောင်ရယ်။ အတည့်မသွားလို့ ဒဲ့ပွဲမဝတ်နိုင်တာအကြောင်း မဟုတ်ဘူး။ တကယ်ကွသွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ပြောရဦးမယ်မောင်။

သောက်ဖောင်းထုတာပေါ့။

မော်ဒယ်ပေါက်စ၊ မယ်ပေါက်စဖြစ်ရင် အင်တာနက်က မသုံးလို့ မဖြစ်ဘူးလေ။ ဒါမှပြိုင်ပွဲတွေဝင်တဲ့အခါ အင်တာနက်က ဘုတ်လုပ်တဲ့အခါ ကိုယ့်မှာဘုတ်က များမှာလေ။

မယ်တွေ မော်ဒယ်ပေါက်စဖြစ်ရင် အင်တာနက်မှ အားမကိုးရင် ခံသွားရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ၈၈ အကြောင်းတော်

ကမ္ဘာ့ပြိုင်ပွဲတွေမှာတောင် မြန်မာ့ဘုတ်က ဂန္ထဝင်စံတင်ခဲ့တယ် မဟုတ်လား။

ဘာဆုတစ်ခုမှ မရရင်တောင် အင်တာနက်ကတဆင့် ပေးတဲ့ ဘုတ်မှာတော့ မြန်မာကပထမလေ၊ တခြားနိုင်ငံကလူတွေက ဒီလောက် မအားကြဘူးထင်တယ်။

ဘယ်လိုပဲပြောပြော ပြိုင်ပွဲဝင်တွေထဲမှာ မဲအများဆုံးဆရတာဆိုတော့ ပြောအားရှိတာပေါ့။ ဘာဆုမှမရရင်တောင် အင်တာနက်မဲဆုမှာတော့ စံချိန်လွန်တွေပေါ့။

ကိုယ့်ဆီကလဲ သိတဲ့အတိုင်းပါပဲ။ ချစ်စလိကိုက်ပြီဆို လူကသိပ်ညီ တာလေ။ ချစ်စလိကိုက်ပြီးပေးလိုက်တဲ့ ဘုတ်တွေ။ ကမ္ဘာတောင် ပြားသွားမယ်။ တချို့ဆိုထမင်းစားရင်း အင်းအင်းသွားရင်တောင် ဘုတ် ခလုတ်ကို အားတိုင်းထိုင်နှိပ်နေကြတာလေ။ ဒီတော့ ဆုက မရမရှိ ငါ့တပည့်ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင် ၈၉



ပြောရဦးမယ်မောင်။

ဖောင်းထုတာပေါ့။

နိုင်ငံတကာပြိုင်ပွဲဆိုတိုင်း ယှံလို့မရတဲ့ပြိုင်ပွဲတွေလဲရှိပါ့။

တစ်ခါကပဲကြည့်ပါလား။ နိုင်ငံတကာပြိုင်ပွဲဆိုပြီး စီစဉ်သူက ရလာတဲ့ သရဖူပြန်သိမ်းလိုသိမ်း။ ပြီးတော့ သူတို့ခိုင်းတာ မလုပ်လို့တဲ့။

သေချာစုံစမ်းကြည့်မှ ဟိုမှာစပွန်ဆာနဲ့ ဘာလုပ်ခိုင်းလို့ဆိုလား။ ဘာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါက ဒီလိုရှိတယ်လေ။

ကျွန်မကဥာဏ်ရည်ပုတော့ သိပ်မစဉ်းစားမိဘူး။ ဒါပေမဲ့ ဒီတိုင်းပြည် အနေအထားအရ ကမ္ဘာမှာတောင် . လူကုန်ကူးမှုအများဆုံး တိုင်းပြည်ထဲမှာ ပါတယ်မဟုတ်လား။

ဆင်းရဲသားတွေကို လူကုန်ကူးပြီး ခိုင်းစားထားတာ ထားပါတော့။ လူကုန်ကူးမှုဖြစ်ရင် လူကုန်ကူးသူကို အရေးယူရတယ် မဟုတ်လား။ အခုတော့ ခါတိုင်းလို ခိုးကြောင်ခိုးဝှက်မဟုတ်ပဲ တိုင်းပြည်တစ်ခုလုံးရဲ့ အလှဆုံးတွေထဲကမှ အလှဆုံးကိုရွေးချယ် နိုင်ငံတကာမှာတောင်ပြိုင်ပွဲဝင်စေပြီး ဆုရလာတဲ့အခါ တိုင်းတစ်ပါးမှာ စပွန်ဆာရှာခိုင်းတယ်ဆိုတာ လူကုန်ကူးမှုပဲ မဟုတ်လား။ ဒါဟာအကြီးစား၊ ပြောင်ပြောင်တင်းတင်း တရားဝင်လူကုန်ကူးမှုကြီးပဲ မဟုတ်လား။

သူတို့ကျတော့ ဘာလို့အရေးယူမခံရလဲ မသိဘူးနော်။ ဟိုလို ခိုးကြောင်ခိုးဝှက် လူဆင်းရဲတွေကို လူကုန်ကူးနေတော့ အဖမ်းခံရပြီ ဒီလိုတစ်နိုင်ငံလုံးကို လိမ်ညာပြီး ပြောင်ပြောင်တင်းတင်း လူကုန်ကူးတာကျတော့ ဘာလို့အဖမ်းမခံရပါလိမ့်။

အေးလေ။ ကျွန်မကဥာဏ်ရည်ပုတော့ မစဉ်းစားတတ်ဖူးပေါ့။ ယုံကြည်ချက်က အဲ့လောက်ဘိုမဆန်ဘူးလေ။

ကျွန်မတို့ဘဝဟာ ပတ္တမြားမှန်ပေမဲ့ အရောင်လက်ခွင့်မရတဲ့ အညတရဥခွံထဲမှာ ရှင်သန်ခွင့်ရတဲ့ ရတနာတွေပါပဲ။

နိုင်ငံတကာထိသွားပြီး အရောင်လင်းလက်ခွင့်မရတဲ့ ပတ္တမြားတွေ ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ပြောရဦးမယ်မောင်။

ကျွန်မတို့ဘဝက ဘာနဲ့အလားသဏ္ဌာန်တူသလဲ ဆိုရင်။

တခေတ်တစ်ခါက လူကြီးစာရင်းဝင်တစ်ဦးဟာ၊ သူ့ဆီမှာရှိနေတဲ့ ပတ္တမြား ပြည်ပမှာရောင်းချဖို့ စပ်ဟက်သတဲ့။

ပြည်တွင်းမှာက ဈေးပေးနိုင်တဲ့သူမရှိဘူးဆိုပဲ။ သူ့ပတ္တမြားက အဲ့သည်လောက် အရည်အသွေး ကောင်းသတဲ့။

ဘယ်ကဘယ်လိုရထားသလဲတော့ မသိပါဘူးမောင်ရယ်။ ဒီလူကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တူးတာလဲ တစ်ခါမှမကြားဖူးပါဘူး။ ထားပါတော့။

ဒီလိုနဲ့ အဲ့ဒီပတ္တမြားကြီးကို နိုင်ငံခြားကလူတွေနဲ့ စပ်ကြဟက်ကြ။ ပုံတွေပြကြ လာကြည့်ကြပေါ့။

ဒါနဲ့ပဲကြိုက်ပြီး အရောင်းအဝယ်ဖြစ်တာပေါ့။

ဖြစ်ချင်တော့ အရောင်းအဝယ်သာဖြစ်တာ။ အဲဒီခေတ်က အဲဒီလို ကျောက်တွေကို ပြည်ပသယ်ထုတ်ဖို့ဆိုတာ မလွယ်ဘူးလေ။

ဒီလောက်တန်ဖိုးကြီးတဲ့ပစ္စည်း တခြားသူနဲ့လွှဲပြီး သယ်ခိုင်းဖို့ဆိုတာကလဲ ဘယ်လိုစိတ်ချနိုင်မှာလဲ။ သယ်ခိုင်းတဲ့သူဘတ်ပြေးရင် တန်ဖိုးနည်းတာမှတ်လို့။

ဒါနဲ့ပဲ လူကြီးမင်းတို့ကိုယ်တိုင်ပဲ ဒီပတ္တမြားကို ပြည်ပသယ်ထုတ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ခက်တာက အဲဒီခေတ်ကလူကြီးမင်းများဟာ ဒီလိုရတနာပစ္စည်းတွေကို ပြည်ပကိုသယ်ယူဖို့ တရားဝင်ယူဆောင်ခွင့် မရှိဘူးလေ။

လေဆိပ်လို၊ အကောက်ခွန်ဂိတ်လို၊ စစ်ဆေးရေးဂိတ်လိုမှာ စစ်ဆေးလို့ တွေ့ရှိသွားရင် ပြဿနာအကြီးအကျယ်တက်သွားနိုင်တာကိုး။ ဒီလိုတော့ အဖြစ်ခံလို့ မရဘူးလေ။ အဲဒီလိုသာဖြစ်သွားရင် ရထားတဲ့ရာထူးဂုဏ်ရှိန်တွေပါ ထိခိုက်သွားနိုင်တာကိုး။ အခန့်မသင့်ရင် ထောင်တန်းတောင် ကျသွားနိုင်လောက်တယ်။ ဟုတ်ဖူးလား။

ဒီတော့ ဒီပစ္စည်းကို ကိုယ်နဲ့မကွာ နိုင်ငံခြားရောက်အောင် ဘယ်လို သယ်မလဲ။ တစ်နည်းပဲရှိတယ် ဉာဏ်ကောင်းတဲ့ လူကြီးမင်းက အဲဒီပတ္တမြားကို မျိုချသွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်လုံခြုံတဲ့ အထုပ်အပိုး ဘယ်မှာရှိပါ့။ ဒါနဲ့ပဲ လူကြီးမင်းဟာ ကွမ်းသီးလုံးလောက်ရှိတဲ့ ပတ္တမြားလုံးကြီးကို သတ္တိရှိရှိ မျိုချသွားတာပေါ့။

ဟုတ်ပြီ။ ပတ္တမြားကြီး ဝမ်းဗိုက်ထဲရောက်သွားပြီ။ ဟိုရောက်ရင် ဘယ်လိုပြန်ထုတ်မလဲ။

လွယ်ပါတယ်။ စွမ်းပေ့ဆိုတဲ့ ဝမ်းနှုတ်ဆေးတွေယူသွားပြီ့ ဟိုမှာ ပြန်ကြိုးစားမှာပေါ့။ ဟုတ်တယ်လေ။ ပတ္တမြားမှန်ရင် နွံမနစ်ဖူးဆိုတဲ့ စကားရှိသေးတာပဲ။ ထွက်လာရင်ရေဆေးပေး။ ပြီးရော။

ဟုက်တယ်လေ။ အလုံးလဲမလျှော့ အတုံးလဲမပျော့ ပေးပြီးရင်ရပြီပဲ။ အဲဒီအတုံး။ အဲလေ။ အဲဒီပတ္တမြားပေးပြီးရင် ဟိုကပတ္တမြားအတွက် ချေတဲ့ပိုက်ဆံယူခဲ့ ပြီးပြီ။ ဒါပဲလေ။

ဒီလိုနဲ့လူကြီးမင်းက နိုင်ငံခြားအစည်းအဝေးတစ်ခုကို သူ့အလှည့် မဟုတ်ပါဘဲ သူမရရအောင်တက်မယ်ဆိုပြီး ပတ္တမြားကွမ်းသီးလုံးကို အတင်းမျိုချပြီး ဒိုးတော့တာပေါ့။

စစ်ဆေးရေးဂိတ်တွေက ဘာတွေစစ်စစ်။ ဗိုက်ထဲကပတ္တမြား ဘယ်လို ရှာမလဲ။ ရှာလို့မှမရတာ။

ဒီလိုနဲ့ ဟိုဖက်နိုင်ငံအေးအေးဆေးဆေးပဲ ပါသွားတာပေါ့။

ဟိုဖက်နိုင်ငံရောက်မှ အရောင်းအဝယ်လုပ်သူတွေက ငွေချေဖို့အသင့် ဖြစ်ပြီ ပတ္တမြားပြပါဆိုမှ ကိုယ့်လူကြီးမင်းက ခပ်တည်တည်ပဲ

“ပါလာတယ်၊ ခဏစောင့်”

ဆိုပြီး ဝမ်းနှုတ်ဆေးတွေတစ်ဝစားပြီး သွားဝင်ညှစ်တာပေါ့။ ပါလာ တယ် သွားလုပ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ၉၄ ဘကြည်တော်

ညှစ်တယ်ဆိုတာလဲ ရိုးရိုးညှစ်လို့ရတာမဟုတ်ဘူး။ သူတို့ဆီမှာကလဲ အဲဒီထဲက ဘိုထိုင်အိမ်သာတွေသုံးနေပြီမို့ ညှစ်လိုက်တာအရှိန်လွန်ပြီး ရေထဲဖွပ်ဆိုပြုပ်ကျသွားရင်လဲ သိန်းပေါင်းများစွာ ဆုံးရှုံးပြီလေ။

ဒါကြောင့်တွေ့ကရာ အထုပ်အပိုးတွေနဲ့ ဝင်ကြိုးစားရတာ။

အတော်ကလေးကြာမှ ချွေးတွေတသီသီနဲ့ ပြန်ထွက်လာရတယ်။ ဝမ်းနုတ်ဆေးကလဲ အစားများတော့ လူကလဲ သာခွေယိုင်ဖြစ်နေပြီ။

“ဘယ်မှာလဲ ပတ္တမြားကြီးရပြီလား”

ဆိုတော့လူကြီးမင်းက နဖူးကချွေးတွေကို ပင့်သပ်ပြီးခပ်ယဲ့ယဲ့ အသံနဲ့ –

“အေးဗျာ အသိမ်းလွန်နေတော့၊ တော်ရုံမထွက်၊ အဲလေ တောရုံ ရှာမတွေ့ဘူးဖြစ်နေတယ်”

ဆိုတော့ ဝယ်လက်ကလဲ စိတ်ပျက်တာပေါ့။ ဒါနဲ့ပဲ . . .

“မပါလာဘူးဆို မပါလာဘူး ပြောပါဗျာ။ ကျုပ်တို့ကို စိတ်ပျက်အောင် မလုပ်ပါနဲ့”

ဆိုတာနဲ့ ကိုယ့်လူကြီးမင်းလဲ မျှော်နေတဲ့ကြားက မျက်လုံးပြူးပြီး

“ပါတာပေါ့ဗျာ ပါတာမှ မျှော့ပါမျှော့တယ်။ အဲ ပါတာမှ သေချာတယ်။ ဒီလိုလုပ်ဗျာ။ ခင်ဗျားတို့ မနက်ဖြန်လာခဲ့။ ကျုပ် ကျိန်းသေပေါက် ထွက်အောင်ပါခဲ့မယ်”

ဆိုတော့ ဟိုကလဲစိတ်လျှော့ပြီး

“အေးဗျာ။ ဒါဆိုလဲမနက်ဖြန်မှ လာခဲ့တော့မယ်။ ကျုပ်တို့က

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းမြင်တာနဲ့ ငွေချေဖို့အသင့်ပဲ"

"ဟင် ဟုတ်လား ဒါဆိုငွေအရင်ချေခဲ့လေ ပစ္စည်းကထွက်ရင်ပြမယ်"

သူ့စကားကို ဟိုလူတွေက ရှုံ့မဲ့သွားပြီး

"ကျုပ်တို့က ခင်ဗျားစကားကိုယုံရအောင် သောက်ချဉ်မှမဟုတ်တာ။ ခင်ဗျားတို့စကား ဘယ်သူယုံလို့လဲ။ ရှေ့ပတ္တမြား ရှေ့နဂါးပဲ ကိုယ့်စကားတောင်ကိုယ် မယုံတဲ့သူတွေကများ" ဆိုပြီးထွက်သွားတော့ လူကြီးမင်းခမျာ ပတ္တမြားပြန်ရဖို့ အပြင်းအထန် ကြိုးစားရတာပေါ့။ ဝမ်းနှုတ်ဆေးတွေ မတရားစား၊ တုတ်တစ်ချောင်းနဲ့ကိုယားနေရတာ။

ဒါပေမဲ့ ကံကြမ္မာကပဲ သူဘက်မပါတာလားတော့မသိဘူး။ ဘယ်လိုပဲကြိုးစားကြိုးစား ပတ္တမြားကြီးက ထွက်မကျလာဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ဒီလိုနဲ့ နောက်နေ့အစည်းအဝေးတက်တော့ ဒီလိုပဲ။ အစည်းအဝေးမှာ သူများတွေကစကားတွေပြောကြ။ နိုင်ငံရေးဆွေးနွေးကြချိန် ကိုယ့်လူကြီးမင်းက ဖောချွေးတသီသီနဲ့ အိမ်သာခဏခဏပြေးနေတာ ကျန်တဲ့နိုင်ငံတွေ ရှဲ့နေသလားတောင် ထင်ရတယ်။

သူ့ခမျာ နိုင်ငံရေးတွေဘာတွေ မတွေးနိုင်တော့ဘူး။ သူ့ပတ္တမြားကြီး ပြန်ထွက်ဖို့ပဲ အကြီးအကျယ် လုံးပန်းနေရတော့တာ။

အစည်းအဝေးမှာလဲ မအောင်မြင်တော့ ဟိုတယ်ခန်းပြန်ရောက်တော့လဲ ကြိုးစားတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငွေချေမဲ့သူတွေကလဲ ပိုက်ဆံထုပ်နဲ့ စောင့်နေပြီ။

ဒါပေမဲ့ ကံကြမ္မာခများ အခွင့်အလမ်းမသာလေတော့ ဘယ်လိုကြိုးစား ကြိုးစား မအောင်မြင်ရှာဘူး။

ဒီလိုနဲ့ အိမ်ပြန်ရမဲ့အချိန် ရောက်လာပြီပေါ့။

လေယာဉ်လက်မှတ်ကလဲ စီစဉ်ထားပြီးသားဆိုတော့ ဘာမှမတတ် နိုင်ဘူး။ ဟိုကိုလဲ . . .

“ပိုက်ဆံချေလိုက်လေ ပစ္စည်းကနောက်မှပို့လိုက်မယ်”

ဆိုတာကို ဟိုကလဲ

“အဲဒါ ကိုယ့်အိမ်ကိုပြန်ရောက်မှပြော ဒီမှာတော့မရဘူး”

“ဟင် ငါလူကြီးလေ မယုံဘူးလား”

“အောင်မာ အသက်ကြီးလို့ လူကြီးဖြစ်လာတာပဲ။ မယုံဘူး။ ခင်ဗျားတို့ ဟိုနေ့ပေးမလို ဒီနေ့ပေးမလိုနဲ့ လုပ်နေတာကြာပြီ။ မယုံဘူး။ ဒါပဲ”

ဆိုတော့ အသက်ကြီးလို့ လူကြီးဖြစ်လာသူ ဘာမှမတတ်နိုင်ဘူးလေ။ ဟုတ်တယ်လေ။ သူ့အကြောင်းသိတော့ ဘယ်သူကမှလဲမယုံဘူး။

ဒီလိုနဲ့ပဲ ခွေယိုင်ခွေယိုင်နဲ့ ငွေလဲတစ်ပြားမှမရ၊ ဘယ်သူ့အတွက်မှ ဘာတစ်ခုမှလဲ အကျိုးမရှိခဲ့ပဲ သာခွေယိုင်ဖြစ်ပြီး လေယာဉ်ပေါ် ပြန်တက်ခဲ့ရတာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





လေယာဉ်ပေါ်ရောက်ပြီး လေယာဉ်ပျံသန်းထွက်ခဲ့တဲ့အချိန်ကျမှ သူ့ရဲ့မအောင်မြင်မှုတွေကို တနုံ့နုံ့တနုံ့နုံ့ ပြန်စဉ်းစားနေမိတယ်။

"ဘာလို့ထွက်မလာတာလဲသားရယ် ဖေကြီးပိုက်ဆံရမှာဆိုးလို့လား"

စဉ်းစားရင်း စဉ်းစားရင်း ဝမ်းသွားချင်သလို ဖြစ်လာတယ်။ ဟုတ်တယ်လေ။ စားလာတဲ့ဝမ်းနုတ်ဆေးတွေက မနည်းတဲ့အပြင် အပြန်မှာ ထွက်လိုထွက်ငြား ဂြိုလ်တုပေါ် သုံးလုံးသွင်းခဲ့သေးတာကိုး။ ဒါကြောင့် မခံနိုင်တော့ပဲ –

"အားမရတော့ဘူး။ မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး Toilet ထဲပြေးဝင် ဘိုထိုင်ပေါ်ထိုင်လိုက်တယ်ဆိုရင်ပဲ။

"အား"

"ဒေါက်"

"ဟင်"

အသံကြားတာနဲ့ လူကြီးမင်းကပါးတယ်။ မြန်တယ်။ ဒါတွေ ငယ်စဉ်က သင်တန်းကျောင်းတွေမှာ သင်ခဲ့ပြီးပြီပဲ။ ဆတ်ခနဲခုန်ထပြီး

"အင်းဟာ"

ဆိုပြီ ဆတ်ခနဲ လှမ်းဆွဲတာ။

"ပလုံ"

မိတယ်။

ဒါတောင်တော်တော်နှိုးနေလို့နော်။ ကြည့်လိုက်တော့ . . .

ဟုတ်တယ်။ သူ့ရဲပတ္တမြားဝင်းဝင်းကြီး။

"ပတ္တမြားကြီးရဲရဲကြီး"

"ဟယ် ဝမ်းသာလိုက်တာ"

ပတ္တမြားကြီးကိုမြင်တော့ သူနှံနှံကြီးဝမ်းသာသွားသေးတယ်။

ပြီးတော့ ဟိုမှာငွေချေမဲ့လူတွေနဲ့ ဒေါ်လာပုံကြီးကိုလဲ မျက်စေ့ထဲ ပြန်မြင်ယောင်သွားမိတယ်။

"ဟိုမှာထွက်ခဲ့ပါလားသားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ယူကျုံးမရလဲ ရေရွတ်မိသေးတယ်။

ဒီအချိန်ကျမှ လေယာဉ်ပြန်လှည့်ခိုင်းလို့ မဖြစ်ဘူးလေ။ လေယာဉ်က ကိုယ်ပိုင်လေယာဉ်မှ မဟုတ်တာ။

နောက်ပြီး သူထိတ်ခနဲဖြစ်သွားသေးတယ်။

ပြည်တွင်းပြန်ဝင်တဲ့အခါ ပြည်တွင်းစစ်ဆေးရေးဂိတ်တွေက ဒီပတ္တမြားကြီးကိုမြင်ရင် သူ့အတွက်မလွယ်ဘူးလေ။ ဘာမှမဖြစ်ဖူး။ လူကိုဘာမှမလုပ်ဖူးပဲထား။ ဒီပတ္တမြားကိုသိမ်းလိုက်ရင်သေပြီ။

သူ့ရင်ထဲ ထိတ်ခနဲ ထိတ်ခနဲ။

ဘာလုပ်ရမှန်းမသိတော့ ပတ္တမြားကြီးကိုကြည့်လို့ လူကြီးမင်းငေါင်နေပြီ။

"ဒါနဲ့ပဲ ပါးစပ်ကို အကျယ်ကြီးဟပြီး"

"ဂလု"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ဒါနဲ့ သိချင်လို့မေးကြည့်တော့

"ဒါဆိုဘဘ ပတ္တမြားကြီးကို ဘယ်သူမှမသိအောင် ဘယ်လိုပြန်သယ်ခဲ့လဲ"

"ရေဆေးပြီး ပြန်မျိုချခဲ့တာပေါ့ကွယ်။ ဒီတစ်နည်းပဲ ရှိတာပဲ"

ဒီလိုပါပဲမောင်ရယ်။ ကျွန်မတို့ဟာ အမှန်တော့ ပြည်တန်ပတ္တမြားတွေပါ။

ပြည်ပသွားဖို့ကျတော့လည်း တော်ရုံနဲ့ကမထွက်။ မထွက်တော့ကိုယ် ဘယ်လောက်ဝင်းလဲဆိုတာ ပြသလို့လဲမရ။ လေယာဉ်ပေါ် ရောက်မှ ပြန်မျိုချပြီး အိမ်မှာပြန်သိမ်းထားရတာမျိုးပါကလားလို့။



www.burmeseclassic.com

www.burmeseclassic.com





ဒီလိုကိုးယိုးကားယားဖြစ်မှ ခေတ်မီမဲ့ခေတ်မှာ ဒါတွေက အပြစ်မဟုတ်ဘူးလို့ ဆိုချင်လဲ အပြစ်မဟုတ်ဖူးပေါ့ မောင်ရယ်။

ပြောရဦးမယ်မောင်။ နိုင်ငံတကာနဲ့ ဒီမှာမတူတာတွေပေါ့။

နိုင်ငံတကာမှာတော့ အနုပညာရှင်ထင်ရှားတဲ့သူတွေဟာ ကုန်ပစ္စည်းတစ်ခုကို ကြော်ငြာပေးမယ်ဆိုရင် အဲ့ဒီကုန်ပစ္စည်းအတွက်ကို အာမခံရှတယ်လေ။ သူကြော်ငြာပေးတဲ့ ကုန်ပစ္စည်းက လူတွေသုံးလို့ ဘေးဥပဒ်တစ်စုံတစ်ရာဖြစ်ရင် ကုန်ပစ္စည်းအပြင် အာမခံကြော်ငြာပေးတဲ့ အနုပညာရှင်ကိုပါ တရားစွဲဆိုခွင့်ရှိကြရဲ့။ အဲ့ဒီလို တရားစွဲဆိုခံရရင် အနု



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်က သူကြော်ငြာပေး အာမခံပေးတဲ့ ကုန်ပစ္စည်းအတွက် လျော်ကြေးလဲ တနင့်တပိုးပေးရတော့တာပေါ့။

ဒီမှာနဲ့ကတော့ ကွာပါ့မောင်ရယ်။

ဒီမှာကတော့ မင်းသားမင်းသမီးတိုင်းက . . .

"ဒီပစ္စည်းအကောင်းဆုံး"

"ကျွန်တော်ကတော့ဒါပဲကြိုက်ကြို"

"ကျွန်မကတော့ဒါပဲသုံးတယ်"

စသည်ဖြင့် တီဗီဖန်သားပြင်တွေ၊ ကြော်ငြာဘုတ်တွေမှာ အကြီးအကျယ် လူတွေစိတ်ဝင်စားအောင် ကလို့ခုန်လို့ ပျော်လို့ရွှင်လို့ ကြော်ငြာပေးကြတာချည်းပဲ။ တကယ်မှာတော့။

တစ်ခါကနယ်မှာ ကားရိုက်ထွက်ရင်း နာမည်ကြီးမင်းသမီးနဲ့ ရေချိုးရင်းဆုံပါလေရော။ ဒါနဲ့ ကိုယ်ကလဲ သူ့ကိုဖားယားပြီး . .

"မမ၊ မမခေါင်းလျှော်မယ်ဆို၊ မမအကောင်းဆုံးဆိုပြီး ကြော်ငြာပေးခဲ့တဲ့ မြန်မာ့ခေါင်းလျှော်ရည်ပါတယ်။ ယူမလား။ မမပဲ ကြော်ငြာထဲက ပြောထားတယ်။ ဒီခေါင်းလျှော်ရည်နဲ့ဆို ဆံပင်တွေနက်မှောင်ပြီး တောက်ပြောင်သွားမယ်ဆိုတာလေ ဟီဟိ"

ဆိုတော့ ဘာပြန်ပြောသလဲသိလား။ မျက်နှာကြီးစူပုတ်ပြီး . .

"ကောင်မ အရွဲ့လာတိုက်နေတယ်ဟုတ်လား။ အဲ့ဒီဟာနဲ့လျှော်ရင် ငါ့ခေါင်းပြောင်သွားမှာပေါ့ လူ့ကလုန်းမရဲ့၊ ရွံ့စရာမရှိရှာကြဲ့ရွံ့နေတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခြောက် သူကအကောင်းဆုံးလို့ ပြောင်ပြောင်တင်းတင်းညွှန်တာကို ပေးတာတောင် ရှိသတဲ့။

ဒါနဲ့ ကျွန်မလဲ အူကြောင်ကြောင်နဲ့

"ဟင် မမပဲ တီဗီထဲမှာတော့ အကောင်းဆုံးကြော်ငြာပေးထားပြီး"

"ဟဲ့ အဲဒါပိုက်ဆံရလို့ ကြော်ငြာတာဟဲ့ အပြင်မှာသုံးစရာလား အဲ့ဒါတွေ ငါပြောသလိုသာ ငါသုံးနေရင် ကတုံးမတောင်ဖြစ်နေပြီ က လုန်းမရဲ့ သွားသွားလာမရှုပ်နဲ့"

အဲသည်လိုပါပဲမောင်ရယ်။ သူတို့ကကုန်ပစ္စည်းကို

"ဒါအကောင်းဆုံးပါ"

"ဒါပဲကြိုက်တယ်"

"ဒါပဲအမြဲသုံးတယ်"

ဆိုပြီး တီဗီပေါ်က ဖန်သားပြင်ပေါ် ပြုံးပျော်စွာပြောနေပေမဲ့၊ အမှန် တကယ်တမ်းကျတော့ သူတို့ကြော်ငြာပေးတဲ့ပစ္စည်း အစားအစာ ဘာကို မှ သုံးကြတာမဟုတ်ဘူးလေ။ မောင်ရယ်မယုံမရှိပါနဲ့။ အကောင်း ဆုံးလို့ သူတို့ကြော်ငြာပေးနေတာ ဘာကိုမှမသုံးတဲ့အပြင် ဘယ်လောက်ထိလဲဆို တချို့မင်းသားမင်းသမီးတွေဆို ရေတောင် ပြည်တွင်းဖြစ်ကို သောက်တာ မဟုတ်ဘူး။ နိုင်ငံခြားက တကူးတက မှာယူတဲ့ နိုင်ငံခြားကရေမှသောက် တာ။

သူတို့ကြော်ငြာပေးတဲ့ ကုန်ပစ္စည်းတွေ ဥပဒ်ဖြစ်လို့လူတွေပြာလဲ မျက်နှာပြောင်တိုက်နေကြမှာပဲလေ။ မသိချင်ယောင်ဆောင်နေကြမှာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေက အမှန်တရားတွေပါ။ ဒါကိုမှ သောက်ဖောင်းထုတယ် ထင်လဲ ထုတယ်ထုတယ် ဘာဖြစ်လဲပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





"ရိုက်မယ်ဟေ့"

အဲဒီအသံကြားတာနဲ့၊ ဘယ်သူတွေဘယ်လိုပဲ မရောက်မရှိနေကြပါ
စေ ကျွန်မတို့လို နာမည်ကျော်မယ်ဇာတ်ပို့တွေက အရင်ရောက်နှင့်ကြ
ရတာလေ။ ကြိုရောက်နေရုံနဲ့မပြီးဘဲ ဒါရိုက်တာကို ကြိုဖြားပြီး

"အခန်းများများရအောင်လုပ်ပေးပါ"

ဆိုပြီးပြောထားရသေးတာ။ ကိုယ်ကအခန်းများများပါမှ ပရိသတ်က
သတိထားမိမှာ။ ပရိသတ်သတိထားမိမှ ကိုယ်နေရာရမှာလေ။ ဒါမှ

www.burmeseclassic.com

www.burmeseclassic.com



မနက်လင်းတိုင်း ဖျာပေါ်ပိုက်ဆံကောက်တွေ့မှာ။

ပြောရဦးမယ်မောင်။

ဒီလောကမှာ ဟိုမရောက်ဒီမရောက်ဖြစ်လို့ကတော့ သေပြီသာ မှတ်ပေတော့။

ဟိုစပ်စပ်ဒီစပ်စပ်ကလဲ ပါထားလေတော့ လူတွေကလဲ ကိုယ့်ကို သတိထားမိနေကြပြီ။ ဒီတော့အလုပ်သွားအလုပ်ပြန် မိတ်ကပ်တစ်မန့် လိုင်းကားကလဲမစီးနိုင်၊ ကားငှားစီးဖို့ကလဲ တစ်နေ့ကုန်တစ်နေ့ခန်း ဟိုစပ်စပ်ဒီစပ်စပ်သွားဖို့ ကားငှားထားရရင်လဲ မွဲဖို့လမ်းသာမြင်ရပြီပေါ့။

ဒါကြောင့် တော်ရုံငွေကြေးအခြေခံမကောင်းရင် ဒီလောကထဲဝင်ဖို့ သိပ်မလွယ်လှဘူးဆိုတာ ပြောတာပေါ့။

ဒါကြောင့် တော်ရုံငွေကြေးအခြေခံမကောင်းတဲ့မိဘများ ကိုယ့်ရဲ့သား သမီးရုပ်ရည်ချောမောလှပလို့၊ ဝါသနာကြီးလို့ ဒီလောကထဲဝင်မယ်ဆို ရင် တအားကိုသတိထားသင့်တယ်လို့ သတိပေးချင်ပါတယ်။

သားသမီး တအားဝါသနာကြီးပေမဲ့၊ အဆက်အသွယ်ကမရှိ၊ အား ကိုးလဲရှာမရနဲ့ဆိုရင် ဟိုမရောက်ဒီမရောက်နဲ့ လိုင်းကားလဲတိုးစီးလို့ မရနိုင်တော့၊ တက္ကစီဆိုတာလဲ နေ့စဉ်ငှားမစီးနိုင် ဘာမှလဲလုပ်မရတော့ပဲ ကြားကျတဲ့အနေအထားနဲ့ ယက်ကန်ယက်ကန် ကျန်ခဲ့ရမှာလေ။ မိဘတွေက သားသမီးတွေကို ဒုက္ခပေးချင် သိပ်လွယ်တာပဲ။ မော်ဒယ်တို့ မယ်တို့ဖြစ်အောင်သာလုပ်ပေးရုံ။

ဖြစ်ရင်တော့ ကောက်စားပေါ့။ မဖြစ်ရင်တော့ သေဖို့သာမြင်။ လိုင်းကားလဲတိုးစီးမရ တော်ရုံအလုပ်လဲလုပ်မရနဲ့ ငုတ်တုတ်ကြီးမှရော။ အဲ့ဒီသားသမီး ဒုက္ခကိုရောက်ကရောပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလိုဖြစ်ခဲ့ရင် . . .

ပြောရဦးမယ် . . .

နောက်ပြီး အဆိုးဆုံးက ဒီလောကရဲ့ပဋ္ဌလက်ဆရာတွေရှိတယ်ဆိုရင် မောင်ယုံပါ့မလား။ အခုခေတ်အနုပညာလောကရဲ့ ပဋ္ဌလက်ဆရာတွေက သိပ်ကိုစွမ်းတာမောင်ရဲ့။

ဒါပေမဲ့ပေါ့လေ ရှေးခေတ်ကပဋ္ဌလက်ဆရာတွေက မိန်းမတစ်ယောက်ကို ထဘီခြုံပေးလိုက်ရင် လဒ(လင်းတ)ဖြစ်တယ်ဆိုပဲလား။

အခုခေတ်က အဲဒီပဋ္ဌလက်ဆရာတွေကိုတော့ မမီဘူးပေါ့။

ရှေးခေတ်ပဋ္ဌလက်ဆရာတွေလို မိန်းမတစ်ယောက်ကို ထဘီခြုံလိုက်ရင် လဒတော့မဖြစ်တော့ပေမဲ့

အခုခေတ်မှာတော့ ထဘီခြုံလိုက်ရင် ကြက်ဖြစ်အောင်တော့ လုပ်တတ်ကြသေးရဲ့။ ယုံကြည်ချက်တွေ ဘိုသိပ်ဆန်သွားရင်လဲ ဒီလောကမှာ ထဘီခြုံလိုက်ရုံနဲ့ ကြက်ဖြစ်တတ်တယ်မောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





"ရှုတင်ခဏနားမယ်ဟော့"

အဲဒီအသံကြားရင် စိတ်ချမ်းသာဆုံးပေါ့။ အဲဒီအသံကြားရင် ဝါသနာတူတွေလဲ လူစုရတော့တာပေါ့။

ပြောရဦးမယ်မောင်။

တချို့မင်းသားမင်းသမီးများက ရိုက်ကွင်းလာပြီဆိုတာတောင် ဝါသနာတူ လေးငါးယောက် ခေါ်လာလေ့ရှိကြတယ်။ သူတို့ဟာ ဟေးလေးဝါးလားနဲ့ ရှုတင်ထမင်းစားပြီး အားလပ်ချိန်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com

## ဘကြည်ဝော်

လူစုဝိုင်းဖွဲ့ကာ ကစားကြလေ့ရှိတာပေါ့။ (မယုံလျှင် မင်းသားတစ်ဦး အမှုမဖြစ်ခင် ရေးသွားသောစာများထဲတွင် သူဘယ်သူတွေနဲ့ ကစားခဲ့ရကြောင်း အတိအကျရေးသွားပါသည်။ ရှာဖတ်ကြည့်ပါ။)

ဒါကလဲ ဒီလောကသားများရဲ့ အပန်းဖြေစရာ အကြောင်းအရာတစ်ခုပေါ့။

နောက်တစ်ခုက ဒါမှမလုပ်တတ်ရင်လဲ ရင်းနှီးမှုမရ ပျော်စရာမကောင်းကြဘူးလေ။

ဒီမှာကလဲ သိတဲ့အတိုင်း ခေါင်းဆောင်မင်းသား မင်းသမီး ဒါရိုက်တာ အဓိကအရေးပါသူများကိုသာ အခန်းသီးသန့်စီစဉ်ပေးပြီး အခြားသော ဇာတ်ပို့ဇာတ်ရံများကိုတော့ ဖြစ်သလိုစုထားကြတာဆိုတော့ လူစုံရင် လုပ်စရာဒါပဲရှိတော့တာပေါ့။

အမျိုးသားဇာတ်ရံ၊ စက်အဖွဲ့တွေက သန်ရာသန်ရာလူစုပြီး ပုလင်းထောင်ဝိုင်းဖွဲ့တတ်ကြပြီး၊ အချို့များကတော့ ပါလာတဲ့ အထုပ်ကလေးဖွင့်၊ သန်ရာကစားနည်းတွေနဲ့ လူစုပြီး "အပွင့်ပွတ် ကြတာပေါ့လေ"

ဘယ်လောက်ထိလဲဆို၊ တချို့လူတွေများဆို၊ ရတဲ့အနုပညာကြေးတောင် တစ်ခါထဲကုန်အောင် ပွတ်တတ်ကြလေရဲ့။ ဒါကြောင့် တစ်ချို့ အနုပညာသမားတွေဟာ နာမည်ရှိတုန်းတော့ ခံသာပါရဲ့။ ဒါပေမဲ့ နာမည်ကျသွားလို့ကတော့ ကုန်းကောက်စရာမရှိအောင် နွမ်းပါးသွားတတ်ကြတာပဲ မဟုတ်လား။

ဒါတွေဟာ ကိုယ်တိုင်လုပ်တဲ့ ကံကြမ္မာလေ။

တချို့တွေကလဲ လွယ်လွယ်ရတဲ့ငွေကြေးနဲ့ ရတုန်းမှာ ရသလိုသုံးစွဲပြီး နာမည်ပျက်ရတာ။ တချို့ဆို ထောင်တန်းကျပြီး ဘဝဆုံးသွားသူတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း နည်းမှမနည်းတာ။

အချို့ဆိုလည်း ကိုယ့်ကိုငွေပေးနေတဲ့ အလုပ်ကိုတောင် ဂရုမစိုက်နိုင်တော့ဘဲ ကြိုက်နှစ်သက်ရာတွေ ဦးစားပေးရင်း ဘဝပျက်ရတာတွေလဲ အများကြီးရှိရဲ့။

နာမည်ရှိတုန်း ကိုယ့်နားဝိုင်းဝိုင်းလည်နေ ပျော်စရာကောင်းနေပေမဲ့၊ နာမည်မရှိတော့တဲ့အခါ ဘဝပျက်ကျန်ခဲ့တာသာ အဖတ်တင်ကြတာပေါ့။

လောကဓံက အတက်အကျကြမ်းကြောင်း သာဓကများစွာ ရှိခဲ့ပေမဲ့ အောင်မြင်မှုဒဏ်ခံနိုင်သူက ခုထိနည်းတုန်း။

"ရှုတင်ပြန်စမယ်"

အဲဒီအသံကြားမှ . . .

"ဟာ ဒီမှာဝိုင်းကောင်းပြီးဆို လုပ်ပြီ။ ဟဲ့ နင့်အခန်းမပါသေးရင် ငါ့ဖဲလေးဝင်ပြင်ပေးစမ်းပါ"

"အောင်မာ ဘာလို့ပြင်ရမှာလဲ ကိုယ့်ဖဲကိုယ်ပြင်ပေါ့။ ကိုယ့်ဖင်ကိုယ်မနိုင်၊ အဲလေကိုယ့်ဖဲကိုယ်မနိုင်တိုင်း"

ဒီလိုပါပဲမောင်။ ဒီလောကဟာ ပျော်စရာလို့တွေးရင်လဲ ပျော်စရာပေါ့။ စိတ်ညစ်စရာလို့တွေးရင်လဲ စိတ်ညစ်ဖို့ကောင်းလိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ"

"ဘာတုန်း"

"ဟိုလေ၊ သမီးကဟိုဖက်မှာ ကြော်ငြာလေးတစ်ခု လက်ခံထားလို့ အဲဒါကြော်ငြာရိုက်ကွင်းလေးမီအောင် သာမီးကိုအရင်ဖြတ်ပေးလို့ရမလား ဟင်"

"နင်တို့ကလဲ လုပ်လိုက်ရင်ဒီတိုင်းချည်းပဲ။ စခေါ်တုန်းကတော့ ဘယ်မှမသွားဘူး တခြားရိုက်ကွင်းလက်မခံဘူးဆိုပြီး"



www.burmeseclassic.com

www.burmeseclassic.com



"အခုဟာက ကြော်ငြာမို့ပါဆရာရယ်။ ခွင့်ပြုပါနော် Please ကျေးဇူးမမေ့ပါဘူး"

"ပြောလိုက်ရင်ဒီအတိုင်းချည်းပဲ။ ဒါဆိုစောစောကပြောလေ။ ခုဏဘာလုပ်နေလို့လဲ"

"ခုဏမအားလို့ပါဆရာ"

"လူစုပြီးဖဲပြင် အဲဖဲရိုက်နေလို့၊ အာဟိ ပိုကာဆိုတော့ ဖြတ်မရဘူးလေ အဟင်း"

ဒါရိုက်တာကြီး စိတ်ရှုတ်သွားဟန်နဲ့ သူ့ခေါင်းသူကုပ်တယ်။

ကုပ်လေ။ ကုပ်ပေါ့။ သူ့ခေါင်းသူကုပ်တာ။ ကိုယ့်ခေါင်းကုပ်တာမှ မဟုတ်တာ။ ဟုတ်ဖူးလား။ မျက်နှာကို မှိုင်ချင်ယောင်ဆောင်ထားပေမဲ့ ခပ်တည်တည်ပဲ။ သူ မလွှတ်လဲ ကိုယ်ကသွားမှာပဲကို။

ဒါကိုသိတဲ့ ဒါရိုက်တာကြီးက သူလဲစိတ်ညစ်ချင်ယောင်ဆောင်ပြီး

"သွား သွား မီအောင်ပြန်လာခဲ့"

"ဟုတ် ဆရာ ဒါကြောင့်ဆရာ့ကိုချစ်နေရတာ အဟိ"

ဒါပါပဲ။

ကြော်ငြာဆိုတာ လူတိုင်းလက်လွှတ်မခံပစ္စည်းလေ။ ဘာကြောင့်လဲ ဆိုတော့ ကြော်ငြာဆိုတာ ရုပ်မြင်သံကြားကလာတာ မဟုတ်လား။ ရုပ်မြင်သံကြားဆိုတာ တစ်နိုင်ငံလုံး တောရောမြို့ပါ ကြည့်ကြရတဲ့ Free Line တွေလေ။ ဒါကြောင့် တီဗီမှာကြော်ငြာသာပေါ်ပါ်ရင် လူပေါက်ပြီပေါ့။ ဟုတ်ဖူးလား။ ကိုယ်ကြော်ငြာတဲ့ပစ္စည်း ကိုယ်တိုင်မသုံး



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ပြုံးပြုံးကြီး ကြော်ငြာပေးရဦးမှာပေါ့။ ဘယ်သူမေးတာမှတ်လို့။ ဒါမျိုးလဲနပ်ရသေးတယ်လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ကလင်၊ ကလင်၊ ကလင်"

"လာပြီ။ ရိုက်ကွင်းထိပ်ရောက်ပါပြီ။ ဒီထိပ်လေးတင် မီးပွိုင့်မိနေလို့"

"ဟင်၊ ကောင်မရဲ့ ငါအခုဆက်နေတာ နှင့်အိမ်ကြိုးဖုန်း၊ အိမ်ထဲမှာ ဘယ်လိုမီးပွိုင့်မိနေတာလဲ ရှင်းပြပါဦးကောင်မရဲ့"

"ဟင်၊ ဟုတ်လား ဟီး ဟီး သမီးကကားပေါ်မှတ်လို့မှားသွားတာ လာပြီ လာပြီ။ ရောပြီ ဟီး ဟီး"

ဒီလိုပါပဲမောင်ရယ်။ တစ်ခါတလေမှာလဲ ပြောင်လိမ်ပြောင်စားတွေ လုပ်ရသေးတာပေါ့။ ဒီလိုမှမလုပ်တတ်ရင် ကိုယ်ကဘယ်လို သက်သာပါ့ မလဲ။

www.burmeseclassic.com

www.burmeseclassic.com





ပြောင်လိမ်ပြောင်စား ပတ္တမြားလေးတွေပေါ့။

ဒါပေမယ့် ဒီလိုပတ္တမြားတွေကို လူတွေသိဖို့ ဖော်ထုတ်နိုင်သူတွေ ရှာရတယ်လေ။

"ဟာ၊ ဘယ့်နှယ့်ပြောလိုက်ရင်၊ မလုပ်ရခင်ကဆို၊ အချိန်တိကျပါမယ်။ အလုပ်ကိုဂရုစိုက်ပါ့မယ်ဆိုပြီး တကယ်လုပ်ပြီးဆို နောက်ဆုံးချည်းပဲ"

ရိုက်ကွင်းရောက်တာနဲ့ ဒါရိုက်တာရဲ့ဆူဆဲသံ။ ဒါ[illegible]လဲရှိးနေပြီမို့ အံကြိတ်ခံရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"လမ်းမှာလေ ကားပိတ်လို့ ဟင်းဟင်း"

"အေး အိမ်ထဲမှာတောင် မီးပွိုင့်နှစ်ခါမိခဲ့တာပဲ လမ်းမှာဆိုပြောမနေနဲ့"

" သွား သွား မြန်မြန်လုပ်"

ဘာပဲပြောပြော နောက်တယ်လို့သဘောထားလိုက် အေးတာပဲ မဟုတ်ဘူးလားမောင်။

အဝတ်လဲခန်းသွားတော့ ကိုယ်နဲ့အတူကြော်ငြာသရုပ်ဆောင်ရမဲ့ ကိုယ်နဲ့ဘဝတူမော်ဒယ်၊ မယ်၊ အဆိုကျော်၊ အစုံသုပ်တစ်ယောက်နဲ့ ဆုံပြီပေါ့။ ဆုံပြီပေါ့။ သူကပဲစပြီး မဲ့ကာရွဲ့ကာနဲ့

"ဘယ့်နှယ်လဲ၊ နောက်ကျလှချည်လား။ အိမ်ဝင်ဖြည့်နေရတာနဲ့တူ တယ် ဟင်းဟင်း"

နောက်သလိုအတည်လိုနဲ့လုပ်တာ။ ရုပ်ပေါက်တာပေါ့။

ဒါနဲ့ ကိုယ်ကလဲရွဲ့ပြီး . . .

"ဒို့ကတော့ အိမ်ဖြည့်စရာမလိုဘူးဟေ့။ အိမ်တွေက လာလာဖြည့်နေလို့ နောက်ဆုံးတောင်ကုန်းကို ပြုးပြုးကြီးတက်သိမ်းနေတာ ဟင်းဟင်း သိတယ်မဟုတ်လား ကိုယ်တွေကကိုင်ပြီဆိုတာနဲ့ ညှစ်ပြီးသား"

"သိပါတယ်။ ဖြည်းဖြည်းလဲညှစ်ပါ။ တစ်ဖက်သားတွေတင်းသွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်။ ဟင်းဟင်းမေမေရေ ဒီကြော်ငြာမှာ စက်ပူက ဘာဘာဝယ်ပေးထားတဲ့ အနီရောင်ဝမ်းဆက်ကလေးဝတ်ရင်ကောင်းမလား"

အဲဒီမှာ ဓာတ်လမ်းစတော့တာပဲမောင်။



www.burmeseclassic.com

www.burmeseclassic.com



အလုပြင်သလိုလို၊ ဘာလိုလိုလုပ်ပြီး သူ့ဝတ်မယ့်ဝတ်စုံကို လှမ်းရှုံးရသေးတယ်။ သူ့ဝတ်စုံကြည့်ပြီးမှ . . .

"မေမေရေ၊ ဒီကြော်ငြာမှာတော့သမီးကို ဩဇီကဦးဦးပေးထားတဲ့ ဝတ်စုံအနီလေးထုတ်ပေးပါဦး"

"အေး အေး သမီး"

ဝတ်စုံဝတ်ပြီးမှ . . .

"ဟဲ့ ကောင်မ ငါဒီဝတ်စုံနဲ့ဆို လိုက်မလား"

ဆိုပြီး လှမ်းပြတာနဲ့ ကောင်မမျက်နှာပျက်သွားတယ်။

ဟုတ်တယ်လေ။ ကိုယ့်ဝတ်တဲ့ဝတ်စုံက သူ့ဝတ်စုံထက် ပိုတန်ဖိုးကြီးတာပဲ။ ဒါကြောင့်ကောင်မမျက်နှာပျက်ပျက်နဲ့ပဲ . . .

"အင်း အင်း လှပါတယ်။ နင် ဒါပဲဝတ်မှာ မဟုတ်လား"

"ဒါပေါ့"

ဆိုတာနဲ့ ကောင်မတစ်ဖက်လှည့်ပြီး . . .

"မေမေရေ သူကဒီအနီလေးပဲ ဝတ်မယ်ဆိုတော့ သမီးဝတ်စုံပြောင်းမယ်။ အမေရိကားက ဦးဦးပေးထားတဲ့ ဝတ်စုံပြာလေး ထုတ်ပေးပါလား"

"အေး အေး သမီး"

သိပ်မကြာဘူး။ ဟိုကောင်မ ဝတ်စုံလဲတယ်။ ဝတ်စုံလဲပြီး . . .

"ဟဲ့ကောင်မ၊ ငါရောဒီဝတ်စုံနဲ့လိုက်လား ကြည့်ပါဦး ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဒီတစ်ခါ ကိုယ်မျက်နှာပျက်ရမဲ့ အလှည့်ပေါ့။ သူ့ဝတ်စုံက ကိုယ့်ထက်ပိုဈေးကြီးနေတဲ့ဟာကိုး။ ဒါနဲ့ပဲ ဟန်မပျက်ဘဲ . . .

"အင်း အင်း လိုက်ပါတယ်။ နင်အပြာဝတ်မှာဆိုတော့ ငါအနီနဲ့ မလိုက်ဘူး။ ငါလဲဝတ်စုံလဲလိုက်မယ်။ မေမေရေ"

"ဝေ့"

"ဒူဘိုင်းက ဦးဦးငယ်ပို့လိုက်တဲ့ ဝတ်စုံဖြူလေး ထုတ်ပေးပါဦး"

"ရမယ်သမီး"

ဝတ်စုံထုတ်ယူလိုက်တာနဲ့ ဟိုကောင်မမျက်နှာ ကျက်သရေချို့တဲ့ သွားတယ်။ ကိုယ့်ဝတ်စုံက သူ့ဝတ်စုံထက် အဆမတန်ကောင်းနေတာ ကိုး။

ဒါကိုဟန်မပျက်ဘဲ . . .

"ဩော်၊ နင်က အဲဒီအဖြူလေးဝတ်မှာဆိုတော့ ငါလဲလိုက်ဖက်အောင် ဝတ်ရမှာပေါ့။ မေမေရေ"

"ပြောသမီး"

"ဟိုတစ်နေ့က အာရပ်ကမ္ဘာက လေးလေးကြီးပို့လိုက်တဲ့ ဝတ်စုံလေး အိမ်မှာကျန်ခဲ့လို့ အဲဒါလေး သွားပြန်ယူပေးပါဦး ဖက်ဖူးရောင်လေး ရွှေတွေနဲ့အပြင်ကယက်ထားတာ ဟင်းဟင်း"

အဲဒီစကားကြားတော့ ခေါင်းမီးတောက်ရပြီပေါ့။

ဟုတ်တယ်။ ဒီကောင်မမှာ ဒီဝတ်စုံရှိတယ်ဆိုတာ ကြားထားပြီးသား။ အဲ့ဒီဝတ်စုံ သူမဝတ်လိုက်လို့ကတော့ ကိုယ်ဂိန်ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲလေ။ ကျွန်မတို့လောကမှာ ဒီလိုအပြိုင်အဆိုင်တွေရှိရဲ့။ ပညာချင်းပြိုင်ဖို့ကတော့ သူလဲပညာမဲ့ ကိုယ်လဲပညာမဲ့မို့ ပြိုင်စရာမလိုဘူးလေ။ ဒါကြောင့် မရှိရှိတဲ့ အဝတ်အစား ပြိုင်နေရတာပေါ့။ အဲဒီလိုပြိုင်လို့မှ ကိုယ်ရှုံးသွားရင် တစ်သက်လုံးပြောစမတ်ဖြစ်ရေ။

ဆင်းရဲသားခန်းတောင် ပါတိတ်ဝမ်းဆက်ဝတ်ကြတာဆိုတော့ ကြော်ငြာဆို စဉ်းစားသာကြည့်။

"ကောင်မ။ ရမလားလို့ ငါ့ကိုလာယှဉ်တာ။ ဘယ်ရမလဲ စပွန်ဆာခြင်းကိုကကျွာတယ်လေ ခံလိုက်ရတာပေါ့ ဟင်းဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး တစ်သက်လုံး ခေါင်းမဖော်နိုင်ဖြစ်သွားရမှာ။ ဒါမျိုးက အရှုံးခံလို့ မဖြစ်ဘူးလေ။

ဒါနဲ့ပဲ . . .

"မေမေ . . . ပြင်သစ်မှာရှိတဲ့ ဘဘလေးကို ဖုန်းဆက်ပေး။ ဒီနေ့ဖက်ရှင်အသစ် ဘာထွက်လဲလို့။ သမီးကိုယ်တိုင်းနဲ့ ခုပို့ပေးလို့"

"Yes သမီး"

ဘယ်ရမလဲဒါမျိုး ဘယ်အကျောခံလို့ ရမလဲ။ သီချင်းဆိုချင်ယောင်ဆောင်ပြီး ကမ္ဘာပတ်ထားတာ အလကားမှ မဟုတ်တာ။

"ဟယ်လို။ ဘဘလေးလား။ အင်း ဘဘလေး သမီးလေးက ဝတ်စုံတစ်စုံ အရေးကြီးလိုလို့ အဲဒါဒီနေ့နောက်ဆုံးထွက်တာလေး အမြန်ပို့ပေးပါလို့။ ဘာရယ်။ နေ့ချင်းပို့မယ်ဟုတ်လား။ ကောင်းပြီ။ ကောင်းပြီ။ သမီးတော့ပျော်နေတော့မှာပဲ။ ဩော်သမီးကပြောသေးတယ်။ မနက်ခင်း အိပ်ရာကနိုးတိုင်း ဘုရားရှိခိုးရင် ကျေးဇူးရှင်ဘဘလေးအတွက် အမြဲဆုတောင်းပေးနေကြောင်းပြောပေးပါတဲ့။ သမီးလေးက သူ့ဘဘလေးကို အရမ်းချစ်တာ။ စကားပြောတိုင်း ဘဘလေး ဘဘလေးနဲ့ တဖွဖွပဲအဟင်း"

အမှန်တော့မောင်ရယ် . . တွေးကြည့်ရင် ကလော်ဆဲစရာချည်းပါပဲ။ ဒါပေမဲ့ အလုပ်သဘောဆိုက ရှိသေးတာကိုး။

အဲသည်လိုသာ တစ်ယောက်ခြင်းမေတ္တာပို့ရရင် သက်စေ့အောင် ကျော်နေဦးမှာပေါ့။ ဒါပေမဲ့ပေါ့လေ။ ဒီလိုပဲပြောမှ စိတ်ချမ်းသာမှာကိုး။

"ဟိတ်။ အထဲကနှစ်ယောက်၊ အဝတ်အစားလဲတာ ပြီးသေးဘူးလား



www.burmeseclassic.com

www.burmeseclassic.com



လာတာကလဲ နောက်ကျမှလာပြီး အဝတ်လဲနေတာ ခုနေတောင်စောင်း တော့မယ်။ ဘယ်တော့ပြီးမှာလဲ။ ဒီနေ့ရိုက်ရဦးမှာလား"

ဒါရိုက်တာကြီးရဲ့ စိတ်မရှည်တဲ့အော်သံ။

"လာပြီခဏလေး ပြီးပါပြီ"

"လာပြီဆရာ။ ဒီမှာချုပ်ရိုးလေးသီနေလို့"

အမှန်တော့ တစ်ယောက်မှ တုတ်တုတ်မလှုပ်တာပါ။ သူကလဲ သူ့အိမ်ကလာမဲ့အဝတ်အစားစောင့်တယ်။ ကိုယ်ကလဲ ပြင်သစ်ကလာမဲ့ အဝတ်အစားစောင့်တယ်။ ဘယ်တော့မှ ရောက်မှာလဲ။ ဒီကြားထဲ ဟိုကောင်မက . . .

"မာမီ၊ သေချာအောင် အင်္ဂလိပ်ကအန်ကယ့်ဆီ ဖုန်းဆက်ထားဦး အဲဒီမှာခေတ်စားတဲ့ဝတ်စုံလေး ပို့ပေးပါလို့"

လူရှိမရှိတောင်မသေချာလို့ သိပ္ပံပညာရှင်တွေရှာနေတုန်း။ ကောင်မက အန်ကယ်တောင် ရနေပြီဆိုပဲ။ မြန်မာမော်ဒယ်ဆိုတာ အဲလိုလဲ အလှမ်းကျယ်တာလေ။ ဒါကြောင့် အလည်က အလပ် ကြီးဖြစ်နေတာပေါ့။ အင်္ဂလိပ်မှာတောင် လူရှိတာနဲ့ စပွန်ဆာ ရှိပြီဆိုတဲ့သဘော။

ဒါကြောင့် လကမ္ဘာကို ဟန်းနီးမွန်းထွက်ကြမလား မသိပါဘူးမောင် ရယ်။ ဒါကြောင့်ပြောလို့မရဘူးလေ။ ဟုတ်ချင်ဟုတ်နေမှာ။ လျှော့ တွက်လို့မဖြစ်ဖူးပေါ့။ ဒီလိုနဲ့ပဲ . . .

"ဟိတ်၊ မော်ဒယ်ကောင်မတွေ။ နင်တို့ဒီနေ့ရိုက်ကြဦးမှာလား။ ရိုက်မှာကဇီးထုပ်ကြော်ငြာ။ နင်တို့ဘယ်လောက်ပြင်နေဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကဟိန်းဟောက်သံ။

"လာပါပြီဆရာ နှုတ်ခမ်းနီဆိုးနေလို့ပါ"

"ပြီးပါပြီဆရာရဲ့ လက်စလေးသပ်နေတာ"

အေးဆေးပဲ။ အပြင်မှာဘာဖြစ်ဖြစ် အထဲမှာရှဲ့ပြီး တစ်ယောက်ကို တစ်ယောက် စောင့်ကြည့်နေတာ။ မာနပြိုင်တယ်ဆိုတာ အဲဒါမျိုး။ ကျွန်တဲ့ ပညာနဲ့တော့မပြောနဲ့ အဝတ်အစားနဲ့ပတ်သက်ရင် သူ့လဲကိုယ် မလျှော့ ကိုယ့်လဲသူမလျှော့။ သူ ဘယ်လောက စပွန်ဆာထားလဲ ကိုယ် ဘယ်လောက် စပွန်ဆာထားလဲ။ ဒါပဲ။ ကျွန်တာ အရေးကို မကြီးတာ မောင်။ သိပ်မကြာပါဘူး။ အပြင်ကကြားရတဲ့ အသံကျယ်ကျယ် က . . .

"ဒီရိုက်ကွင်းဖျက်တယ်ကွာ။ ဒါပဲ"

အေးရော။ ဒီလိုနဲ့ ဘာမှမရိုက်လိုက်ရပဲ ရိုက်ကွင်းတစ်ခု နိတ္ထိ တန်သွား တော့တာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါပဲမောင်ရယ်။ ဒီကြော်ငြာရိုက်ကွင်း ဘာကြောင့်ပျက်သလဲ။ ဘာကြောင့် မရိုက်ဖြစ်တော့သလဲ အမျှားမေးရင် မျက်လုံးလေးကလယ်ကလယ်လုပ်။

"သမီးဘာမှမသိဘူး။ ခေါ်တဲ့အချိန်လဲ ရောင်အောင်သွားတာပဲ ဟိုရောက်မှရိုက်ဖြစ်တော့ဘူးဆိုလို့ မီးတောင်အံ့ဩယူရတယ် အဟ အဟင့်"

ပရိသတ်က ဘာသိတာမှတ်လို့။ သူတို့ချစ်စလိကိုက်ခိုင် ပြောသမျှ ယုံတာပဲ။ ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင် ၁၂၅

ဒီလောကမှာ ဒီလိုပြိုင်ဆိုင်မှုဆိုတာကလဲ ပေါရဲ့။ ဒါကြောင့် ကြော်ငြာတွေမှာ ဒီပစ္စည်းအကောင်းဆုံးဆို ယုံကြည်တာပဲမဟုတ်လား။

လူကသာ ဘာမှမဟုတ်တာ။ မရှိကိုအရှိလုပ်ကြွားရတာကလဲ အရသာတစ်မျိုးပေါ့။

လောကတစ်ခုဖြစ်လာရင် အဲဒီလောကနဲ့ လိုက်ဖက်တဲ့ ကောင်းခြင်းဆိုးခြင်းဆိုတာ တွဲပါလာတတ်တာပဲ မဟုတ်လား။ အမှန်တော့ ကိုယ်ပိုင်တဲ့လောက တခြားလူဖျက်လို့ပျက်တာမဟုတ်ဘူး။

ကိုယ်တိုင်ပြန်ဖက်မှ ပျက်တာလေ။

ကျွန်မတို့ဘဝဟာ အနီးစပ်ဆုံးပြောရရင် ဖဲဝိုင်းတစ်ဝိုင်းမှာ အကုန်အညောင်းခံထိုင်ကစားတဲ့သူမျိုး မဟုတ်ဘူး။ သူများကစားနေတဲ့အနားက ကြားဝင်ပေါက် ဝင်ထိုးတတ်တဲ့ထိုးသားတွေလိုမျိုး။

ပေါက်သွားတော့ ဝင်ကစားမှာပေါ့။ မပေါက်တော့လဲ အသာလေး နောက်လျှိုနေလိုက်ရုံ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





အသက်တွေလဲကြီးပါပြီမောင်ရယ်။

ဒီလိုအသက်ကြီးလာတော့ ကျွန်မတို့ဘဝဟာ မော်ဒယ်လဲကောင်းကောင်းမဖြစ်။ မယ်လဲကောင်းကောင်းမဖြစ်။ ရုပ်ရှင်သရုပ်ဆောင်လဲမဖြစ် ညစ်ကျယ်နဲ့ ကြားကျမယ်လို့မောင်ထင်နေသလား။

မဟုတ်ဖူးမောင်။

တချို့တော့ရှိရဲ့။ ဟိုဖြစ်မလိုဒီဖြစ်မလိုနဲ့ ဘာမှမဖြစ်ပဲဒီလောကက ခြေစုန်ကန်လွှတ်ခံရပြီး ဘဝပျက်နေသူ။ ယောင်လည်လည်နဲ့ ဘာမှ မဖြစ်ကျန်ခဲ့သူတွေတော့ရှိရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်မတို့နဲ့တော့ ဘယ်တူပါ့မလဲကွယ်။

ကျွန်တို့ငယ်စဉ်ကသာ မော်ဒယ်ယောင်ယောင်၊ မယ်ယောင်ယောင်။ မင်းသမီးယောင်ယောင် အဆိုတော်ယောင်ယောင်၊ ဟိုယောင်ယောင်၊ ဒီယောင်ယောင်နဲ့ ဘယ်ချောင်မှာမှအလုပ်မဖြစ်ခဲ့ပေမဲ့

ဟောအခုအသက်ကြီးလာတဲ့အခါမှာတော့

မယ်ဘွဲ့ဘယ်နှစ်ခုရ၊ ဘာမော်ဒယ်၊ ညာဆုရ၊ အဆိုပိုင်ရှင်ဘာညာ ဆိုပြီးရထားတဲ့ ပေါက်ကရဆုတွေ ဘွဲ့တွေတန်းစီကြော်ငြာပြီး သင်တန်း ပြန်ဖွင့်တာ၊ ငယ်စဉ်ကကိုယ့်လိုပဲ နန့်နန့်ထိုးချင်နေတဲ့ကလေးတွေ ဘုမသိဘမသိဘွဲ့ကြည့်ပြီး လာတတ်တာအတော်ထောတယ်မောင်ရဲ့။

ကိုယ့်မှာရှိတဲ့ ဂယောင်ဂရင်နည်းတွေကို စိမ်ကိန်းချရေးဆွဲပြီး ပြင်သစ်ကပဲသင်ခဲ့သိလိုလို၊ ဖင်လန်မှာပဲအသုံးပြုသလို၊ ဂျပန်မှာပဲ သင်ရိုးညွှန်းတန်းပြုခဲ့သလိုနဲ့ ညာချတာတစ်လတစ်လမနည်းပဲကို။

ဒီကြားထဲ တီဗီမှာပါမယ်ဆို ဖားရှာငါးရှာကအစ ဒိုင်ဝင်လုပ်နေလေ တော့ . . .

"မဟုတ်သေးဘူးသမီး၊ ကြိုးစားရဦးမယ်။ မမတို့တုန်းကဆို" ဆိုတာလောက်နဲ့တင်ထားလိုက်ရင် လူ့အအမြင်တင္ဂားငွားနဲ့ ထွားထွားကြီးကို နံမည်ရလို့၊ အခမ်းအနားမှူးဆိုလဲကိုယ်၊ ဒိုင်ဆိုလဲကိုယ်၊ မင်္ဂလာပန်းကုံးစွပ်ဆိုလဲကိုယ်နဲ့ ကိုယ်ချည်းကိုယ်ချည်းဖြစ်နေလို့ နံမည်တော်တစ်ဆိပ်ပေါက်ပြီး . . .

အိမ်ပေါက်ထဲဖားဝင်သလို ခပ်တည်တည်ကြားခွင်တွေချည်း ရနေ တော့ တာပေါ့။ ဘယ်ဆရာမနဲ့သင်မှပေါက်တာမျိုး သတင်းပေါက်လို့ အချဉ်တွေကြား ချဉ်ပြုံးပြုံးမျက်နှာထားနဲ့ အေးဆေးကိုင်ယူနေရုံပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကလုပ်သမျှ ဂယောင်ဂယင်တွေဖြစ်ခဲ့ပေမဲ့ အခုတော့ငါမပါ ဆရာမမြောက်ဆိုတာမျိုးနဲ့ လူပုံအလယ်ငွားငွားကြီး ပွင့်လန်း ရပြန်တာလေ။

တချို့ကလေးတွေကလဲ တီဗီမှာကြည့်၊ ဘွဲ့တွေကြည့်ပြီး။
"ဒီအနံ့တီကြီးဆီမှာ သင်တန်းတက်ရင် ငါတို့တော့ပေါက်ရချည်ရဲ့"
ဆိုပြီးလာတတ်ကြတဲ့ ကျွန်မတို့ငယ်စဉ်လို ဂယောင်ဂယင်လေးတွေက နည်းမှမနည်းပဲကို။

သူတို့ဆီကလစာယူ။ ပြန်ပေးရတာက ပလပ်တစ်အကြည်လောင်းထားတဲ့ ဆာတဖီကိတ်တစ်ခုဆိုတော့ အမြတ်ချည်းပဲပေါ့မောင်ရယ် ဟုတ်ဖူးလား။

ကြုံဖူးထားသမျှကို သင်ခန်းစာလို ဘာလိုလိုနဲ့ အများကောင်းမှု စုပေါင်း၊ ကောင်းမှုပြုလိုက်တာအတော်တော့ အလုပ်ဖြစ်သွားမောင်။

ဘဝကို ဂယောင်ဂယင်နဲ့ဖြတ်သန်းရင်း အတွေ့အကြုံများလာလေတော့ အဲ့ဒါကိုအသုံးချ "ဆရာမ" ဆိုတာဖြစ်လာလေတာပေါ့။ ဆရာမဆော့ ဆိုတာကြီးဖြစ်လာတာပေါ့။

ဒီဘဝသာယာလို့မဟုတ်ဘူး မောင်ရယ်။ ဒါပေမဲ့တစ်ခုတော့ တောင်းဆိုပါရစေ။ အများခေါ်သလိုပေါ့။

မောင်ရောခေါ်ကြည့်လေ

"ဆရာမ"

ခေါ်လို့ကောင်းတယ်ဟုတ်။ အခုတော့ကျွန်မငယ်စဉ်ကလို ဂယောင် မဟုတ်တော့ဘူး။ ဂယောင်တို့ရဲ့မိခင်။ ဂယောင်မိခင်ကြီးတောင်ဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



မောင်။ ဂယောင်မိခင်ဖြစ်နေပြီပေါ့။

ဒါမျိုးဟာ ကျွန်မတစ်ယောက်ထဲထူးပြီးဖြစ်နေတာ မဟုတ်ဘူးမောင်။ ကျွန်မလိုဂယောင်ဂယင်မိခင်တွေဖြစ်နေတာ အများကြီးပါမောင် အများကြီးပါ။ တချို့ဆိုကျွန်မတို့လောက် ဂယောင်မလုပ်ဖူးပဲ ဂယောင်မိခင်ကြီး ဖြစ်နေတာလဲအများကြီးပါပဲ။

ဒါပဲပေါ့မောင်ရယ်။

ယုံကြည်ချက်တွေဘိုဆန်ဖို့ ကျွန်မကအင်္ဂလိပ်မှမဟုတ်တာမောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





အသက်တွေလဲကြီးလာပြီမို့ အိမ်ထောင်လဲကျခဲ့ပါပြီ။

အဲဒီတုန်းကတော့ ဂယောင်ဂရင်အရွယ်မို့ မိရာကောက်ဆွဲခဲ့လို့ မင်္ဂလာလဲ ကောင်းကောင်းဘယ်ဆောင်ခဲ့ရမလဲ။ တချို့တွေကနာမည်ကြီးတွေ မင်္ဂလာပွဲလေးငါးပွဲခြိမ့်ခြိမ့်သဲ ကျင်းပနေချိန်မှာ အပျိုဟန်ဆောင်နေရသေးတာမို့ မင်္ဂလာလဲ ခပ်တိုးတိုးပဲ ဆောင်ဖြစ်ခဲ့တယ်မောင်။

ကိုယ့်ကိုကိုယ်လဲ အိမ်ထောင်တကယ်ကျမှန်း မသိဘဲ ကလေးတစ်ယောက်ဖလွှတ်ခနဲရတော့မှ ဩဘ်ငါအပျိုမှ မဟုတ်တော့တာလို့ သိမိတော့တာပါပဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မက အင်္ဂလိပ်မှမဟုတ်တာ မောင် ၁၃၁

ကလေးမွေးစက အနည်းငယ်စိတ်ဓါတ်ကျပေမဲ့ အခုတော့ အဲလို မဟုတ်တော့ဘူးမောင်။

မွေးလာတဲ့သမီးမိန်းကလေးကို ပိုးမွေးသလိုမွေးရင်း၊ ဒီကလေးကို "ပိုး" ရှိတယ် ဆိုကာပျိုးထောင်လို့ အခုဆိုသမီးကလေးခမျာ ကျောင်းကပွဲ မကျန် ရပ်ကွက်ထဲလဲ တက်ဆွဲတတ်နေပြီပေါ့။

ဟုတ်တယ်မောင် ကျွန်မသမီးကလေးကပိုးရှိတယ်။ အနုပညာနဲ့ ပတ်သက်ရင် ဘာခိုင်းခိုင်းလုပ်တယ်။

"သမီးရေ စင်ပေါ်တက်နန့်ပြလိုက်"

ဆိုလဲဆွဲတာပဲ။

"သမီးရေ သီချင်းဆိုပြလိုက်"

ဆိုတာနဲ့ပ ဆိုတတ်သည်မတတ်သည်မသိ "ဝူးဝူးဝါးဝါး"နဲ့ကို ဆို တော့တာ။

မိခင်ကျွန်မကိုယ်တိုင် သူ့ကိုပိုးရှိတယ်ဆိုပြီး ဆိုထားလေတော့ သူ့ ခမျာ ဟုတ်သည်ရှိမဟုတ်သည်ရှိ

"သမီးဒွန့်လိုက်စမ်းဆို"

ဒွန့်တာများ ညက်လုံးတောင်ကျူးရတယ်မောင်။ ကြီးလာရင် သမီး လိုမိဘကိုလုပ်ကျွေးမဲ့ကလေးပဲပေါ့မောင်ရယ်။

အမှန်အတိုင်းပြောရရင် တကယ်တမ်း ကျွန်မလိုချင်တာ ယောကျ်ား လေးပါ။

ယောကျ်ားလေးမွေးပြီးသူကြီးလာလို့ ဂေးလ်ဖြစ်ရင်တောပြီပေါ့မောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





စဉ်းစားကြည့်လေ။ ဒီမှာဂေးလ်ဖြစ်ရင် ကျော်ကြားဖို့ကလဲ သိပ်မြန်တာပဲပေါ့။ နောက်ပြီး ဂေးလ်အချင်းချင်းကလဲ သိပ်ရိုင်းပင်းကြတာ။ ဘယ်လောက်လဲဆို

အလုပြင်ဆရာမဂေလးလ်တစ်ယောက်ဆိုရင် သူ့သင်တန်းမှာလာတတ်တဲ့ဂေးလ်တွေကို သာမန်မိန်းကလေးတွေထက် ဈေးထက်ဝက်ပဲ ယူသလို သန်တန်းပြန်ဆင်းတဲ့အခါမှာလဲ သာမန်မိန်းကလေးတွေကို သင်တန်းဆင်းလက်မှတ်ပဲပေးပြီး ဘဝတူဂေးလ်တွေကိုတော့ သင်တန်းဆင်းလက်မှတ်အပြင် အလှပြင်ပစ္စည်းတစ်ဆင်စာလက်ဆောင်ပေးလေ့ရှိတယ်တဲ့။ မေးကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတွေက အချိန်တန်ရင် သူ့ယောကျ်ားလုပ်ကျွေးတာ စားရမှာလေ။ ကျွန်မတို့ဂေးလ်တွေက ယောကျ်ားကို ရှာကျွေးရတာ။ ဒါကြောင့် လက်ဆောင်ပေးတာ"

ဘယ်လောက် ကိုယ်ချင်းစာစိတ်ရှိသလဲမောင်။ ယောကျ်ားတွေ အချင်းချင်းမှာရော မိန်းကလေးအချင်းချင်းမှာပါ ဒါမျိုးမရနိုင်ဘူးလေ။

နောက်ပြီးအခုခေတ်မှာက မဂ္ဂဇင်း၊ ဂျာနယ်တွေကအစ၊ ရုပ်မြင်သံကြားအခန်း သူတို့တွေချည်း မင်းမူနေပြီမဟုတ်လား။ ပါးကိုင်နားကိုင်ရုံနဲ့ ပိုက်ဆံကောက်ရတဲ့ဘဝ ဘယ်သူမှမလိုချင်ရှိပ့်။ ဟုတ်တယ်။ ကျွန်မ ကလေးသာ ဂေးလ်ဖြစ်ခဲ့ရင်

"မြန်မာမျိုးဟေ့ ဒို့အခြောက်"

လို့ကြွေးကြော်ခိုင်းဦးမှာ။ ကြွေးကိုကြွေးကြော်ခိုင်းဦးမှာ။

ဟုတ်တယ်လေ။ သူများဆီ ပိုက်ဆံချေးပြီး ပြန်မဆပ်တာမှ မဟုတ်တာ။ ကိုယ့်ရှိတာနဲ့ ကိုယ်ကြွားတာ ဘယ်သူ့ဂရုစိုက်ရမလဲမောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



အခုတော့မောင်ရယ်။

မိန်းကလေးမွေးထားတာဆိုတော့လဲ

ဂယောင်ဂယင်နဲ့ပဲ မွေးရတော့တာပေါ့။ ယခင် ကိုယ်နဲ့ယောင်ဖူးသူတွေကလဲ သူတို့နေရာနဲ့သူတို့ ဆရာမကြီးတွေ ဆရာကြီးတွေဖြစ်နေပြီဆိုတော့ ကျွန်မတို့တုန်းကလောက်တော့ မခက်တော့ဘူးပေါ့။ အဆက်အသွယ်ရှိတယ် ပြောရမှာပေါ့။

"ဟဲ့၊ ကောင်မ ဆရာမကြီးလိုလုပ်မနေနဲ့ ငယ်ကျိုးငယ်နာဖော်လိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



ဆို လုပ်ရဲကြတာမှ မဟုတ်တာ။ ဒီတော့မှ

"ဒါ၊ ငါ့သမီးပဲ။ ကြည့်လုပ်ပေးဦး"

ဆိုရင်ကိစ္စပြတ်တယ်လေ။ တချို့ဆိုလဲ

"ဟော့ကောင်မ၊ မသိရင်ကျားစစ်စစ်လိုနဲ့၊ နင့်သငယ်ဘယ်မှာရှိလဲ ဖွင့်ပြောလိုက်ရမလား"

ဆိုတာနဲ့ ဇာတ်ပြပြီး

"ဟယ် ကောင်မကလဲသိရှဲသွားနဲ့ ငါဘာကူညီရမလဲပြော"

ဒီလိုကိုဖြစ်နေတာပေါ့။ ဒါကြောင့်ပဲ သမီးခများ အသက်ငယ်ငယ် ဆုများများ တက်ယောင်ကားနဲ့ တာသွားနေတာပေါ့။

"သမီး ရက်ကြောဆိုတာ ဖြတ်သင့်ဖြတ်ထားရတယ်။ ရက်ချင်ယောင် ဆောင်တာများ လွယ်လွယ်လေး။ ဟောဒီမှာကြည့်။ အဲ့ဒါ ရက်ချင်ယောင် ဆောင်တာ။ ဒါကြောင့် ရက်ချင်ယောင်ဆောင်သာဆောင်၊ တကယ်မရှက် နဲ့သိလား"

ဒီလိုနဲ့ သမီးလေးခများလဲ အမေ့အလိုကျတွေ့ကရာ ပြိုင်ပွဲတွေမှာ ဖောင်တင်။ ဖောင်တင်မှပြိုင်လို့ရတာကိုး။ ကြုံလာမယ့်အရေး ကိုယ့်ဖောင် ပြင်ပြီး စောင့်နေရပြီပေါ့။ ဟုတ်တယ်လေ ကျွန်မတို့ဘဝ ဘယ်အချိန် ဖောင်ပျက်မှန်းမသိတော့ ကြိုတင်ဖောင်ပြင်ထားရတာပေါ့။

ဒါပဲပေါ့မောင်ရယ်။

"ယုံကြည်ချက်တွေဘိုဆန်ဖို့ ကျွန်မက အင်္ဂလိပ်မှမဟုတ်တာမောင်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ယုံကြည်ချက်တွေဘိုဆန်ဖို့ အင်္ဂလိပ်မှမဟုတ်တာမောင်။ ဒါတွေဟာ ကျွန်မအကြောင်းတွေပေါ့။

ကျွန်မရဲ့အကြောင်းတွေကို ပြောပြဖြစ်တဲ့အတွက် ကျွန်ဘယ်သူ့အကြောင်းကိုမှ မရည်ရွယ်ပါဘူး။

အကယ်၍များ ကျွန်မအကြောင်းနဲ့ တိုက်ဆိုင်မှုရှိခဲ့ရင်လဲ . . .

ကိုယ့်အထုပ္ပတ္တိရေးပေးတယ်မှတ်ပါ။

ဒါမှမဟုတ်။ "သူ့အကြောင်းမဟုတ်ဘဲ ငါတို့ကိုသောက်ဖောင်းလှည့်ထုတာ" ဆိုရင်လဲ

"ထုတယ်၊ ထုတယ်၊ ဘာဖြစ်လဲပေါ့မောင်ရယ်"

ယုံကြည့်ချက်တွေဘိုဆန်ဖို့ ကျွန်မကအင်္ဂလိပ်မှမဟုတ်တာ . . .

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ပြောပြဦးမယ်။

မောင့်ကို ဘာမှမဆိုင်ပဲမောင်လို့ခေါ်တာ၊ ဟိုတစ်ယောက်က တွေ့ကရာ ကိုကို ကိုကို လို့ခေါ်နေလို့၊ မတူချင်လို့ခေါ်တာပါမောင်။ မှတ်ထားနော်။

ကျွန်မကအင်္ဂလိပ်မှမဟုတ်တာမောင် . . .

တိုက်ဆိုင်မှုရှိလျှင်မိမိအထုပ္ပတ္တိရေးပေးတယ်မှတ်ပါလေ။

လေး စ ၁ း ၉ ၁ ကြို း စ ၁ း လျ က် ။

အကြည်တော်

BURMESE CLASSIC

www.burmeseclassic.com

မိုး : မိုး : ၀၁၆၀